# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ပထမဝါဆိုလပြည့်ကျော် (၂) ရက်၊ အင်္ဂါနေ့ ၊ (4-7-2023) ၊ အတွဲ (၃၂)၊ အမှတ် (၀၆၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၃ ခုနှစ် မြန်မာအမျိုးသမီးများနေ့အခမ်းအနားသို့ ပေးပို့သည့် မိန့်ခွန်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၃ ခုနှစ် မြန်မာအမျိုးသမီးများနေ့အခမ်းအနားတွင် Video Message ဖြင့် အဖွင့်မိန့်ခွန်းပြောကြားစဉ်။

(၂၀၂၃ ခုနှစ် ဇူလိုင်လ ၃ ရက်)

**အားလုံးမင်္ဂလာပါ**

ဒီနေ့ကျင်းပပြုလုပ်တဲ့ ၂၀၂၃ ခုနှစ် မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို တက်ရောက်လာကြတဲ့ ညီ့သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ၊ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီနေ့ ၂၀၂၃ ခုနှစ် ဇူလိုင် ၃ ရက်နေ့ဟာ မြန်မာနိုင်ငံဒေသအသီးသီးမှာ နေထိုင်ကြတဲ့ မြန်မာအမျိုးသမီးများအားလုံးအတွက် ထူးခြားလေးနက်တဲ့နေ့ တစ်နေ့ပဲဖြစ်ပါတယ်။ ဒီနေ့ကျရောက်တဲ့ မြန်မာအမျိုးသမီးများနေ့မှာ ထူးချွန်တဲ့ အမျိုးသမီးများကို ဂုဏ်ပြုချီးမြှင့်တဲ့နေ့လည်းဖြစ်တဲ့အတွက် မြန်မာအမျိုးသမီးများအားလုံးကို လှိုက်လှိုက်လှဲလှဲဂုဏ်ယူကြောင်း ပြောကြားလိုပါတယ်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဖွဲ့စည်းခဲ့တဲ့ ဇူလိုင် ၃ ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ် နိုင်ငံတော်ကသတ်မှတ်ပြဋ္ဌာန်းခဲ့ပြီး ၁၉၉၈ ခုနှစ်ကစလို့ မြန်မာအမျိုးသမီးများရဲ့ ထူးချွန်ထက်မြက်တဲ့ စွမ်းဆောင်ရည်များနဲ့ လေးစားဂုဏ်ယူဖွယ်ဂုဏ်ဒြပ်များကို ဂုဏ်ပြုသောအားဖြင့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပကြပါတယ်။

မြန်မာအမျိုးသမီးများဟာ ရှေးအစဉ်အလာကတည်းက အမျိုးသားများနည်းတူ သာတူညီမျှလူ့အခွင့်အရေးတွေကို ယနေ့အထိ နိုင်ငံတကာစံချိန်စံညွှန်းများနဲ့ကိုက်ညီစွာခံစားနေကြရတာအားလုံးသိရှိပြီးသားဖြစ်ပါတယ်။ခေတ်အဆက်ဆက်မှာ မိသားစု၊ လူ့အဖွဲ့အစည်း၊ စာမျက်နှာ ၁၈ ကော်လံ ၁ သို့

ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းတို့၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် ကဏ္ဍမျိုးစုံတွင် ထူးချွန်စွာ ကြိုးပမ်းခဲ့ကြသူများကို ဂုဏ်ပြုသူများချီးမြှင့် စာမျက်နှာ - ၂၀

သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ စာမျက်နှာ - ၂၁

ယခုဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လထိ သတ္တုနှင့် တွင်းထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၉၄၆ သန်းရရှိခဲ့ စာမျက်နှာ - ၅




ရတနာပုံ
၂၀၂၃ ခုနှစ် ဇူလိုင် ၄ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံ့စီးပွားမြှင့်တင် ပေါင်းစည်းပါဝင်

နိုင်ငံ့စီးပွားလျော့နည်းကျဆင်းနေချိန်ရှိသလို နိုင်ငံ့စီးပွားတိုးတက်မြင့်မားလာနေသောအချိန်များလည်းရှိသည်။ နိုင်ငံ့စီးပွားသည် စီးပွားရေးပိတ်ဆို့မှုများ၊ ထိုးနှက်တိုက်ခိုက်မှုများနှင့် နိုင်ငံတည်ငြိမ်မှုကင်းမဲ့နေသောအချိန်များတွင် ဆုတ်ယုတ်ကျဆင်းလာတတ်သည်ကို တွေ့နိုင်ပေသည်။ ယနေ့အချိန်သည် နိုင်ငံတကာ၏ စီးပွားရေးပိတ်ဆို့မှုများနှင့် ထိုးနှက်တိုက်ခိုက်မှုများကို ရင်ဆိုင်ကြုံတွေ့နေရသော်လည်းနိုင်ငံ့စီးပွားကိုမြှင့်တင်နိုင်ရန် ကြိုးပမ်းအားထုတ်နေသောအချိန်ဖြစ်သည်။

နိုင်ငံ၏စီးပွားရေးကောင်းမွန်မှုသည် မူလပဓာနကျသည့် လူသားအရင်းအမြစ် ကြွယ်ဝမှုအပေါ်တွင်မူတည်သလို စီးပွားရေးကောင်းမွန်အောင် လုပ်ဆောင်နိုင်သည့်၊ ကုန်ထုတ်လုပ်မှုတိုးတက်အောင်လုပ်ဆောင်နိုင်သည့် လူသားအရင်းအမြစ်များ ပေါများလာပါက နိုင်ငံ့စီးပွား တိုးတက်လာမည်ဖြစ်သည်။ စီးပွားရေးကောင်းမွန်မှုကို နိုင်ငံများ၌ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍ စသည့် ကဏ္ဍသုံးခုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ကြည့်၍ နိုင်ငံ၏ GDP ကို တွက်ချက်ကြပါက သိနိုင်မည်ဖြစ်သည်။

မိမိတို့နိုင်ငံအနေဖြင့် အခက်အခဲများကြားမှ ရုန်းကန်လျက် နိုင်ငံ့စီးပွားကိုမြှင့်တင်ကြရာတွင် လယ်ယာစိုက်ပျိုးရေး၌ မြေကိုအကျိုးရှိစွာ အသုံးချဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းတစ်ခုတည်းဖြင့် လယ်ယာကဏ္ဍကြီးမှ GDP ပါဝင်မှုအချိုးများစွာ တိုးတက်လာမည်ဖြစ်သည်။

မြန်မာ့ရေမြေနှင့် ကိုက်ညီဖြစ်ထွန်းသည့် သီးနှံများအနက် လက်ရှိစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသည့် သီးနှံများတွင် ဆန်စပါး၊ ပဲ၊ ပြောင်းတို့ပါဝင်ပြီး ဝါကိုလည်း ထည့်သွင်းနိုင်ရန်၊ စိုက်ကေတိုးချဲ့နိုင်ရန် ကြိုးပမ်းလျက်ရှိသည်မှာ အလားအလာကောင်းများကို မျှော်မှန်းနိုင်မည်ဖြစ်သည်။ ဇွန် ၃၀ ရက်က နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ကျင်းပသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် **"ပြည်ပဈေးကွက်ဝင်ဖြစ်သည့် ကော်ဖီနှင့်လက်ဖက် စိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ သေချာသည့်ထုတ်လုပ်မှုများဖြစ်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဝင်ငွေများ ပိုမိုရရှိစေမည်ဖြစ်ကြောင်း။ ထို့ကြောင့် ဆန်၊ ဆီထွက်သီးနှံ၊ ပဲ၊ ဝါ၊ မီးဖိုချောင်သုံးသီးနှံများ၊ ကော်ဖီနှင့်လက်ဖက်စိုက်ပျိုးခြင်း တို့ကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေးကဏ္ဍကြီးတွင် များစွာပြောင်းလဲသွားနိုင်မည်ဖြစ်ကြောင်း၊"** ထည့်သွင်းပြောကြားခဲ့သည်။

ဤနေရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်နှင့် MSME လုပ်ငန်းများပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်အောင်မြင်စေနိုင်မည်ဖြစ်သလို ဟန်ချက်ညီမျှသော လယ်ယာနှင့်စက်မှုကဏ္ဍ ပေါင်းစပ်မှုကိုလည်း ဖြစ်ပေါ်စေနိုင်မည်ဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်၍ အဆိုပါလုပ်ငန်းများအပါအဝင် နိုင်ငံ့စီးပွားမြှင့်တင်ခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့်လည်း လက်တွေ့အကျိုးဖြစ်ထွန်းလာမည်ဖြစ်သည်။ နိုင်ငံ့စီးပွားကို မြှင့်တင်ကြရာတွင် ပြည်ပမှ တင်သွင်းရယူမှုကို မှီခိုနေရခြင်းထက် ပြည်တွင်းမှထုတ်လုပ်နိုင်သမျှကို ကြိုးပမ်းထုတ်လုပ်ရန်လည်း စွမ်းဆောင်ကြရမည်ဖြစ်သည်။

နိုင်ငံစီးပွားကို ထိခိုက်စေသည့်လုပ်ရပ်များဖြစ်သည့် အကြမ်းဖက်နှောင့်ယှက်ဖျက်ဆီးမှု လုပ်ရပ်များကို ပြည်သူတစ်ရပ်လုံးက အားပေးခြင်း၊ ကူညီခြင်းမပြုလုပ်ကြရန်နှင့် ပြည်တွင်းထုတ်ကုန်များကို ဦးစားပေးသုံးစွဲခြင်းဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရာတွင် ပြည်သူတစ်ရပ်လုံး ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ယခုဘဏ္ဍာနှစ်တွင် ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်ကို Online စနစ်ဖြင့် ဆောင်ရွက်ပေးနေ



**မန္တလေး ဇူလိုင် ၃**

ယခုဘဏ္ဍာနှစ် ဇူလိုင်လတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကစက်မှုလုပ်ငန်းများဖြစ်သော အငယ်စား၊ အလတ်စား၊ အကြီးစားလုပ်ငန်းများအတွက် လုပ်ငန်းမှတ်ပုံတင်ရရှိရေးကို Online စနစ်ဖြင့် ဆောင်ရွက်ပေးနေကြောင်း မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးထွဋ်ဆွေက ပြောပြ၍ သိရသည်။

အဆိုပါ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေဖြင့် ဌာနကကြပ်မတ်ဆောင်ရွက်လျက်ရှိရာ ယခုဇူလိုင်လမှစ၍ လုပ်ငန်းရှင်များအတွက် ပိုမိုလွယ်ကူလျင်မြန်စေရန် Online စနစ်ဖြင့် ဆောင်ရွက်ပေးနေကြောင်း၊ မှတ်ပုံတင်ရာတွင် မြင်းကောင်ရေ သုံးကောင်အားနှင့်အထက်၊ အလုပ်သမား ၁၀ ဦးနှင့်အထက် အားတစ်မျိုးမျိုးကို အသုံးပြုပြီးထုတ်လုပ်သည့် လုပ်ငန်းများဖြစ်သော အငယ်စား၊ အလတ်စား၊ အကြီးစားလုပ်ငန်းများအတွက် လုပ်ငန်းရှင်များက မှတ်ပုံတင်ရကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် လုပ်ငန်းမှတ်ပုံတင် ၂၈၅ ခုခွင့်ပြုရန်လျာထားပြီး ယနေ့ထိ လုပ်ငန်းမှတ်ပုံတင် ၆၀ ကျော်ကို စစ်ဆေးပြီး လုပ်ငန်းရှင်များကို ခွင့်ပြု ထုတ်ပေးထားကြောင်း သိရသည်။

"စက်မှုလုပ်ငန်းမှတ်ပုံတင်ကို အွန်လိုင်းစနစ်နဲ့ ဒီလကနေစပြီး ဆောင်ရွက်တာပါ။ အရင်ဘဏ္ဍာနှစ်တွေက စာရွက်ပေါ်မှာပဲဆောင်ရွက်ပေးခဲ့တာပါ။ ဒီဘဏ္ဍာနှစ်မှ အွန်လိုင်းနဲ့စဆောင်ရွက်ပေးတာပါ။ အွန်လိုင်းနဲ့ဆိုတော့ လုပ်ငန်းရှင်တွေအတွက် ပိုမိုလွယ်ကူလျင်မြန်ပြီး လူကိုယ်တိုင်သွားစရာမလိုဘဲ လိုင်းပေါ်ကနေပဲ အချက်အလက်ပြည့်စုံစွာရေးပြီး ဖြည့်သွင်းလျှောက်ထားလို့ရပါတယ်။ လုပ်ငန်းရှင်တွေက Email၊ Gmail တွေရှိဖို့လိုပါတယ်။ လျှောက်ထားလာရင် ကွင်းဆင်းစစ်ဆေးပြီး သတ်မှတ်ချက်တွေနဲ့ကိုက်ညီရင် လက်ခံပေးပါတယ်"ဟု ၎င်းက ပြောပြသည်။

အဆိုပါ ပုဂ္ဂလိကစက်မှုလုပ်ငန်းများမှာ စားသောက်ကုန်လုပ်ငန်းများ၊ အဝတ်အထည်လုပ်ငန်းများ၊ အထွေထွေစက်မှုလက်မှုလုပ်ငန်းများ၊ လူသုံးကုန်လုပ်ငန်းများ၊ ရက်ကန်း၊ ကျောက်ခွဲစက်၊ နှန်းမြေစာအမှုန့်ကြိတ်လုပ်ငန်း၊ သစ်စက်၊ ရေသန့်စက်၊ မုန့်လုပ်ငန်း၊ သံနှင့်သံမဏိလုပ်ငန်းများ၊ သစ်တောထွက်ပစ္စည်းလုပ်ငန်းများ၊ သံသတ္တုအရည်ကျိုလုပ်ငန်း၊ သစ်အချောထည်လုပ်ငန်းများဖြစ်ကြောင်း သိရသည်။ (၁၈၅)

# မန္တလေး ပဲနှမ်းဈေးကွက်တွင် နှမ်းအုပ်စုနှင့် ပဲလွမ်းပြာများ အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းရရှိ

**မန္တလေး ဇူလိုင် ၃**

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းအုပ်စုနှင့် ပဲလွမ်းပြာများ အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းရရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ နှမ်း စသည့်ကုန်စည်များထဲတွင် ယခင်က နှမ်းအုပ်စုနှင့် ပဲလွမ်းပြာမှာ ပြည်တွင်းဈေးကွက်အတွင်းမှ ဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ်အေးနေခဲ့ကြောင်း၊ ယခုလက်ရှိတွင် နှမ်းအုပ်စုနှင့်ပဲလွမ်းပြာများကို ကုန်သည်များ ဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ်ကောင်းမွန်လာကြောင်း သိရသည်။

"နှမ်းအုပ်စုနဲ့ ပဲလွမ်းပြာက အရင်တစ်ပတ်လောက်ကအရောင်းအဝယ် သိပ်ပြီးမကောင်းတာကြောင့် မန္တလေးဈေးကွက်ထဲ ဈေးကောင်းသိပ်မရခဲ့ဘူး။ အခုလက်ရှိမှာတော့ အရောင်းအဝယ် ပြန်ကောင်းမွန်လာတဲ့အပြင် ပြည်ပကပါ ဝယ်ယူမှုတွေရှိလာတာကြောင့် ဈေးကောင်းပြန်ရနေပါတယ်" ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း ဇွန် ၂၆ ရက်ပေါက်ဈေးအရ နှမ်းဖြူသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၆၃၀၀၀၊ နှမ်းညိုသုံးတင်းဝင်တစ်အိတ်လျှင် ငွေ ၂၉၀၀၀၀ သာ ပေါက်ဈေးရှိခဲ့ကြောင်း သိရသည်။

ယခုအခါ ပဲ၊ နှမ်းဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ နှမ်းဖြူသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၇၀၀၀၀၊ နှမ်းညိုသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

အလားတူ ပဲ၊ နှမ်းဈေးကွက်အနေအထားအရ ဇွန် ၂၆ရက်ပေါက်ဈေးမှာ ပဲလွမ်းပြာသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၅၀၀၀ သာပေါက်ဈေးရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ ပဲလွမ်းပြာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၀၀၀၀ ထိ ပေါက်ဈေးရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေးမြို့ ခြောက်မြို့နယ်အတွင်း စည်းကမ်းမဲ့တွဲကားများ ရှောင်တခင်စစ်ဆေးမည်

**မန္တလေး ဇူလိုင် ၃**

မန္တလေးမြို့ စည်ပင်နယ်နိမိတ်မြို့နယ် ခြောက်မြို့နယ်အတွင်း စည်းကမ်းမဲ့ရပ်နားထားသော တွဲကားများကို ယခုလအတွင်း အဖွဲ့စုံဖြင့် ရှောင်တခင်စစ်ဆေးမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအခွန်ဌာနမှ ဒုတိယဌာနမှူး ဦးရဲထွန်းက ပြောပြ၍ သိရသည်။

အဆိုပါ တွဲကားကြီးများ ရက်ပေါင်းကြာမြင့်စွာ ရပ်နားထားခြင်းကြောင့် ၎င်းလမ်းပိုင်းတွင် ယာဉ်ကြောရှုပ်ထွေးမှုများအပြင် ညပိုင်းအချိန်များတွင် ယာဉ်တိုက်မှုများ ပါဖြစ်ပွားနိုင်ကြောင်း၊ ထို့ကြောင့် စည်းကမ်းမဲ့ရပ်နားထားသော တွဲကားကြီးများကို ဇူလိုင်လအတွင်း စစ်ဆေးအရေးယူမှုများပြန်လည်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"မန္တလေးမြို့ မြို့နယ်ခြောက်မြို့နယ်အတွင်းမှာ အခုလက်ရှိ ၁၀ ဘီး ကား၊ ၁၂ ဘီးကားနဲ့ ၂၂ ဘီးတွဲကားတွေက လမ်းဘေး ဝဲ၊ ယာနဲ့ လမ်းမကြီးတွေပေါ်မှာ စည်းကမ်းမဲ့ရပ်နားထားကြတာတွေ တွေ့နေရတာကြောင့် အရေးယူမှုတွေ ပြန်လည်လုပ်ဆောင်သွားမှာပါ။ တွေ့ရှိပါက ငွေကျပ် ၅၀၀၀၀ ကနေ ၁၅၀၀၀၀ ထိ ဒဏ်ရိုက် အရေးယူမှာပါ"ဟု ဦးရဲထွန်းက ပြောပြသည်။

မန္တလေးမြို့ စည်ပင်နယ်နိမိတ်ခြောက်မြို့နယ်ဖြစ်သည့်ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်နှင့် အမရပူရမြို့နယ်အတွင်း လမ်းမကြီးပေါ်၌ စည်းကမ်းမဲ့ရပ်နားထားသော တွဲကားများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန၊ စည်ပင်သာယာရဲတပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ယာဉ်ထိန်းရဲတပ်ဖွဲ့ စသည့်ပူးပေါင်းအဖွဲ့များဖြင့် ကွင်းဆင်းစစ်ဆေးကာ အရေးယူမှုများ ပြန်လည်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဖတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အုတ်ဖိုမြို့နယ် ထောက်ကြန့်ကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်းပြုလုပ်

**အုတ်ဖို ဇူလိုင် ၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်မည့် ထောက်ကြန့်ကွင်းကျေးရွာ၌ မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်းကို ဇူလိုင် ၂ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးရွာတွင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ၊ အတိုးနှုန်းနှင့်ချေးငွေကာလ သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးဦးသန်းလွင်နှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ၁၁ ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့သည်။

အုတ်ဖိုမြို့နယ် ထောက်ကြန့်ကွင်းကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် ရေလုပ်ငန်းလုပ်ကိုင်သူများကို ထုတ်ချေးသွားမည်ဖြစ်ကြောင်း အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက ပြောပြ၍ သိရသည်။

**သုတ**

# ညောင်ဦးမြို့နယ် တောင်ခွင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး ဇူလိုင် ၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ခွင်ကျေးရွာ၌မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေတတိယအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကျိုးကျေးဇူးများ၊ စီမံကိန်းဝိသေသများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းများနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၅၀ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက တောင်ခွင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၅ ဦးကို ငွေကျပ် ၂၅၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ် ၉၆ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၃ ဦးကို ရန်ပုံငွေကျပ် ၃၅၀ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးသူ**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးခြောက်အစုံပိဿာချိန် ၁၁၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ဖျာပုံ ဇူလိုင် ၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပင်လယ်ငါးခြောက်အစုံပိဿာချိန် ၁၁၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဖျာပုံမြို့နယ် ငါးခြောက်အစုံ ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ဆွေဆွေခိုင်က ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်တွင် ပြီးခဲ့သည့်မေလက ငါးခြောက်အစုံပိဿာချိန် ၇၀၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး ဇွန် ၁ ရက်မှ ၃၀ ရက်ထိ ငါးခြောက်အစုံပိဿာချိန် ၁၁၀၀၀၀ ထိ ရောင်းချခဲ့ရကြောင်း၊ အဆိုပါ ငါးခြောက်များ အရောင်းသွက်လာခြင်းသည် ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှု ကောင်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

“ဇွန်လအတွင်း ငါးခြောက်အစုံပိဿာချိန် ၁၁၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ငါးခြောက်တွေကို ပုသိမ်နဲ့ ရန်ကုန်ဘက်ကို အဓိက တင်ပို့ရောင်းချနေပါတယ်။ ရောင်းအားတက်နေပေမဲ့ ငါးတွေရဲ့ဈေးနှုန်းတွေကတော့ တက်လာတာမရှိပါဘူး။ ငါးခြောက်တွေ ရောင်းအားတက်လာလို့ ရေလုပ်သားတွေနဲ့ ငါးခြောက်လုပ်ငန်းရှင်တွေ အဆင်ပြေလာတယ်”ဟု ဖျာပုံမြို့နယ် ငါးခြောက်အစုံရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ဆွေဆွေခိုင်က ပြောပြသည်။

ဖျာပုံမြို့နယ်တွင် အရောင်းသွက်နေသည့် ငါးခြောက်များမှာ ငါးကွမ်းရှပ်(ငါးညို)ခြောက်၊ငါးလိပ်ခြောက်၊ ပင်လယ်ငါးပြေမခြောက်၊ ငါးဖောင်ရိုးခြောက်၊ ငါးတံခွန်ခြောက်၊ အာပုဲခြောက် စသည့် ငါးခြောက်အမျိုးအစားများ အများဆုံးအရောင်းသွက်နေကြောင်း၊ အဆိုပါ အရောင်းသွက်နေသည့် ငါးခြောက်များသည် ဇွန် ၁ ရက်မှ ယနေ့ထိ ငါးဖောင်ရိုးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀၀၊ ငါးကွမ်းရှပ်(ငါးညို) တစ်ပိဿာလျှင် ငွေကျပ် ၄၇၀၀၀၊ ပင်လယ်ငါးပြေမခြောက်တစ်ပိဿာလျှင် ငွေကျပ် ၃၉၅၀၀၊ ငါးလိပ်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၄၀၅၀၀၊ ငါးတံခွန်ခြောက် တစ်သာလျှင် ငွေကျပ် ၃၂၀၀၀၊ အာပုဲခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀၀ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သံတောင်ကြီးမြို့နယ်၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**သံတောင်ကြီး ဇူလိုင် ၃**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဆောင်ရွက်မည့် ရွှေလံဘိုကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက် ၁၀ နာရီကအဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ သံတောင်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက VDP စီမံကိန်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီဖွဲ့စည်းခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများနှင့်ပတ်သက်၍ ပြောကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများက ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ရွှေလံဘိုကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာ၏ ပကတိလိုအပ်ချက်များကို ဖော်ထုတ်ပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းထံမှ သိရသည်။

**သူသူ**

# ဆင်ပေါင်ဝဲမြို့နယ်အတွင်း ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရှင်းလင်းဆွေးနွေး

**ဆင်ပေါင်ဝဲ ဇူလိုင် ၃**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တင်ဒါစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။


ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ခံအင်ဂျင်နီယာများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ၊ တိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများနှင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြီးကြပ်၍ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောသည်။

ထို့နောက် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက လုပ်ငန်းအလိုက် ဆောင်ရွက်မည့်အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသော တာဝန်ရှိသူများနှင့် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များက သိလိုသည်များကိုမေးမြန်းရာ ကုမ္ပဏီများမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။


ဆင်ပေါင်ဝဲမြို့နယ်အတွင်း ယခုဘဏ္ဍာနှစ်တွင် နားပဲ့ကျေးရွာနှင့် မောင်တုန်းကျေးရွာတို့၌ ဆိုလာစနစ်ဖြင့် ကျေးလက်ရေရရှိရေးနှင့်ဆက်စပ်လုပ်ငန်းနှစ်ခုတို့ကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၈၃ ဒသမ ၈၇၁ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက ပြောပြ၍ သိရသည်။

**သန်းလွင်(မကွေး)**



# တိုက်တန်းနစ်ကပေးခဲ့တဲ့ သင်ခန်းစာများ(အပိုင်း-၁)

ပါမောက္ခကိုကိုအောင်



မျက်မှောက်ကမ္ဘာကြီး၏ ကုန်သွယ်ရေကြောင်း လောကတွင် သမုဒ္ဒရာနှင့် ပင်လယ်ပြင်များပေါ်မှ ဖြတ်သန်းခုတ်မောင်းလျက်ရှိနေကြသော ပင်လယ်ကူး သင်္ဘောကြီးများသည် ရာနှင့်ချီသောခရီးသည်များနှင့် တန်ချိန်များစွာသောကုန်ပစ္စည်းများကို တင်ဆောင်လျက် ကမ္ဘာ့ဒေသအနှံ့သို့ ဖြန့်ကြက်ခရီးနှင်လျက်ရှိနေကြသည်။ ဤကဲ့သို့သော ပင်လယ်ရပ်ခြားခရီးစဉ်များအတွက် သမုဒ္ဒရာနှင့် ပင်လယ်ပြင်များပေါ်၌ အန္တရာယ်ကင်းစွာ ဖြတ်သန်းခုတ်မောင်းနိုင်စွမ်းရှိသည့် အဆင့်မြင့်နည်းပညာသုံး ခေတ်မီပင်လယ်ကူး သင်္ဘောကြီးများကို တည်ဆောက်လာနိုင်ခြင်းမှာ ရှေးနှစ်ပေါင်းများစွာက ပင်လယ်ပြင်မတော်တဆဖြစ်ပွားခဲ့မှုတစ်ခုကို အကြောင်းပြုလျက် ထိုအဖြစ်သနစ်က ပေးခဲ့သည့် သင်ခန်းစာများကို ရယူပြီး သင်္ဘောတည်ဆောက်မှုနည်းပညာများကို အဆင့်မြှင့်တင်လာနိုင်ခဲ့သောကြောင့်ဖြစ်သည်။

ကမ္ဘာ့ကုန်သွယ်ရေကြောင်းသွားလာရေးအဦးအစ ကာလများကပင် သမုဒ္ဒရာနှင့် ပင်လယ်ပြင်များပေါ်၌ ရွက်လွှင့်သွားလာခဲ့ကြသော သင်္ဘောခရီးစဉ်များ အများအပြားရှိခဲ့သည်။ ထိုမှတစ်ဆင့် အင်ဂျင်ဖြင့် လည်ပတ်မောင်းနှင်နိုင်သော ပင်လယ်ကူးသင်္ဘော ကြီးများကို တိုးတက်တည်ဆောက်လာနိုင်ခဲ့ကြသည်။ ထိုသို့သော ပင်လယ်ကူးသင်္ဘောကြီးများထဲတွင် ကြီးမားသော ပင်လယ်ပြင်မတော်တဆမှုဖြစ်ပွားခဲ့သည့် ရောမသင်္ဘောကြီးတစ်စီးလည်း ပါဝင်နေခဲ့သည်။ ထိုသင်္ဘောကြီးသည်ကား တိုက်တန်းနစ်ဟု အမည်ပေးထားသည့် ကမ္ဘာကျော်ဇိမ်ခံသင်္ဘောကြီး ပင်ဖြစ်သည်။

တိုက်တန်းနစ်ဟုဆိုလိုက်လျှင် ဒါရိုက်တာ ဂျိမ်းစ်ကင်မရွန်းရိုက်ကူး၍ ပြင်သစ်မင်းသားချော လီယိုနာဒိုဒီကာပရီယိုနှင့် မင်းသမီးချော ကိတ်ဝင်းစလက်တို့ ပါဝင်သရုပ်ဆောင်ခဲ့ကြသော ကမ္ဘာကျော်ရုပ်ရှင်ဇာတ်ကားကြီးကို ပြေး၍မြင်ယောင်မိကြပေလိမ့်မည်။ တိုက်တန်းနစ်ရုပ်ရှင်ဇာတ်ကားကို အော်စကာဆု ၁၁ ဆုရရှိသော ကမ္ဘာကျော်ရုပ်ရှင်ဇာတ်ကားကြီးတစ်ကားဖြစ်လာအောင် ရုပ်ရှင်အတတ်ပညာရှင်တို့က ငွေကြေးနှင့် အချိန်များစွာအကုန်ခံပြီး စနစ်တကျစီစဉ်ရိုက်ကူးခဲ့ကြသည်။ တကယ့်ဖြစ်ရပ်မှန်ကို အနုပညာရသနှင့် ပေါင်းစပ်ပြီး ကမ္ဘာ့ရုပ်ရှင်ကြည့်ပရိသတ်တို့ကို တသသဖြင့် စွဲကျန်ရစ်အောင်တင်ဆက်နိုင်ခဲ့သည်။ အောင်မြင်မှုထူးခြားစွာရရှိခဲ့သော ဇာတ်ကားဖြစ်သည့်အတွက် သရီးဒီရုပ်ရှင်အဖြစ်သို့ပင် ပြောင်းလဲရိုက်ကူးခဲ့ကြပြီဖြစ်သည်။

တိုက်တန်းနစ်ရုပ်ရှင်ဇာတ်ကားကြီးက ကြီးကျယ်ခမ်းနားသလို ၎င်းဇာတ်ကား၏ကျောထောက်နောက်ခံ တကယ့်ဖြစ်ရပ်မှန်ကလည်း တစ်ကမ္ဘာလုံးကိုတုန်လှုပ်သွားစေခဲ့သည်။ ရာစုနှစ်တစ်စု ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း တိုက်တန်းနစ်၏အဖြစ်သနစ်အကြောင်းရင်းမှန်များကို စူးစမ်းလေ့လာလျက် သုတေသနပြုလုပ်ကာ အဖြေရှာနေကြဆဲပင်ဖြစ်သည်။

**တည်ဆောက်မှုနောက်ခံသမိုင်း**

တိုက်တန်းနစ်ဆိုသည်မှာ ၁၉၁၂ ခုနှစ်က အသစ်စက်စက်ရေချခဲ့ပြီး ပထမဦးဆုံးခရီးစဉ်အဖြစ် ဗြိတိန်နိုင်ငံ ဆောက်သင်တန်မြို့မှ ခရီးသည်ပေါင်း ၂၂၂၄ ဦးကို တင်ဆောင်၍ အမေရိကန်နိုင်ငံ နယူးယောက်မြို့သို့ ခရီးနှင်ခဲ့သော သင်္ဘောကြီး၏အမည်ဖြစ်သည်။

တိုက်တန်းနစ်ကို နှစ်ဆယ်ရာစု၏ အစပိုင်းကာလ၌ ထိုစဉ်က သင်္ဘောတည်ဆောက်မှုအတတ်ပညာနှင့် သင်္ဘောပုံစံများအရ အဆင့်အမြင့်ဆုံးဖြင့် ခမ်းနားကြီးကျယ်စွာတည်ဆောက်ခဲ့ကြသည်။ တိုက်တန်းနစ်ကို တည်ဆောက်ရာတွင် လုပ်သားအင်အား ၁၇၀၀၀ ကို အသုံးပြုခဲ့သည်။ ရေလုံအောင် အလွယ်တကူပိတ်နိုင်သောအခန်းများဖြင့် ဖွဲ့စည်းတည်ဆောက်ထားပြီး ပထမတန်းစားအခန်းများ၏ တည်ဆောက်မှုကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၅၅၀၀၀ ထိပင် ရှိခဲ့သည်။ သင်္ဘောကိုယ်ထည်ကို စတုရန်းပေ ၃၀၀ စီရှိသော သင်္ဘောသုံးသံမဏိပြားများဖြင့် တည်ဆောက်ခဲ့ကြသည်။

မမျှော်မှန်းနိုင်သော အကြောင်းတစ်ခုခုကြောင့် သင်္ဘော၏ကိုယ်ထည်တွင် ထိခိုက်ပျက်စီးမှုရှိလာခဲ့ပါက ထိခိုက်ပျက်စီးသည့်နေရာ၏အခန်းကို အလုံပိတ်လိုက်ပါက ထိုအလုံပိတ်အခန်းထဲသို့သာ ရေများကဝင်ရောက်နိုင်ပြီး ကျန်နေရာများသို့ ရေများပျံ့နှံ့ဝင်ရောက်သွားခြင်းမရှိအောင် စီစဉ်တည်ဆောက်ခဲ့ကြသည်။ သင်္ဘောနှစ်စီးတိုက်မိခြင်းကဲ့သို့သော အဆိုးရွားဆုံး အခြေအနေမျိုးနှင့်ကြုံတွေ့ခဲ့လျှင်ပင် တစ်စီးလုံး စုံးစုံးမြုပ်သွားရန် အနည်းဆုံး ၂၄ နာရီမှ ၇၂ နာရီကြာမြင့်အောင် တည်ဆောက်ခဲ့ကြသည်။ ရည်ရွယ်ချက်မှာ သင်္ဘောနစ်မြုပ်မှုနှင့် ကြုံတွေ့ခဲ့ရပါက အကူအညီများ ခေါ်ယူနိုင်ရန်လုံလောက်သည့်အချိန်ရရှိရေးအတွက် ကြိုတင်ပြင်ဆင်တည်ဆောက်ခဲ့ကြခြင်းဖြစ်သည်။

**ဖြစ်စဉ်အစ**

၁၉၁၂ ခုနှစ် မေ ၁၂ ရက်တွင် တိုက်တန်းနစ် သင်္ဘောကြီး၏ ခရီးစဉ်ကို စတင်ခဲ့ကြသည်။ အဆိုပါ သင်္ဘောကြီးတွင် လိုက်ပါစီးနင်းကြသော သင်္ဘောစီး ခရီးသည်များသည် ဤသင်္ဘောခရီးစဉ်ဖြင့် လိုက်ပါခွင့် ရရှိရန် လအတန်ကြာကပင် ကြိုတင်လက်မှတ်များကို ဝယ်ယူထားခဲ့ကြသူများဖြစ်ကြသည်။ သင်္ဘောခရီးစဉ် တစ်လျှောက်လုံးတွင် ခရီးသည်များ၏မျှော်လင့်ချက်အတိုင်း အစစအရာရာပြည့်စုံမှုနှင့် ပျော်ရွှင်ချမ်းမြေ့မှုများကို တိုက်တန်းနစ်က ပေးစွမ်းဖြည့်ဆည်းပေးနိုင်ခဲ့သည်။

မေ ၁၅ ရက် ည ၇ နာရီ မိနစ် ၃၀ ခန့်တွင် တိုက်တန်းနစ်သင်္ဘောထံသို့ ကယ်လီဖိုးနီးယားမီးသင်္ဘောမှ သတင်းပေးပို့ချက်တစ်ခုရောက်ရှိလာခဲ့သည်။ ကယ်လီဖိုးနီးယားသင်္ဘော၏ တောင်ဘက် ၁၉ မိုင်ခန့်အကွာတွင် ရောမရေခဲတောင်ကြီးသုံးလုံးကို တွေ့မြင်ခဲ့ရကြောင်း သတင်းပေးပို့ချက်ပင်ဖြစ်သည်။ ထိုနေ့ည ၁၁ နာရီ မိနစ် ၃၀ တွင် တိုက်တန်းနစ်သည်

❖ ပင်လယ်ရပ်ခြားခရီးစဉ်များအတွက် သမုဒ္ဒရာနှင့် ပင်လယ်ပြင်များပေါ်၌ အန္တရာယ်ကင်းစွာ ဖြတ်သန်းခုတ်မောင်းနိုင်စွမ်းရှိသည့် အဆင့်မြင့်နည်းပညာသုံး ခေတ်မီပင်လယ်ကူးသင်္ဘောကြီးများကို တည်ဆောက်လာနိုင်ခြင်းမှာ ရှေးနှစ်ပေါင်းများစွာက ပင်လယ်ပြင်မတော်တဆဖြစ်ပွားခဲ့မှုတစ်ခုကိုအကြောင်းပြုလျက် ထိုအဖြစ်သနစ်က ပေးခဲ့သည့်သင်ခန်းစာများကိုရယူပြီး သင်္ဘောတည်ဆောက်မှုနည်းပညာများကို အဆင့်မြှင့်တင်လာနိုင်ခဲ့သောကြောင့်ဖြစ်သည်။ ❖

နယူးဖောင်လန်ကျွန်း ဂရင်းဘင့်၏တောင်ဘက် ၉၅ မိုင်အကွာတွင် ရောက်ရှိနေခဲ့သည်။ ည ၁၁ နာရီ မိနစ် ၄၀ တွင် အမှောင်ထုအတွင်း၌ ခုတ်မောင်းနေသော တိုက်တန်းနစ်သင်္ဘောကြီးသည် ကယ်လီဖိုးနီးယားမီးသင်္ဘောက သတိပေးခဲ့သည့် ရောမရေခဲတောင်ကြီးကို အလွန်နီးကပ်သည့်အကွာအဝေးအရောက်တွင် ဘွားခနဲတွေ့မြင်လိုက်ရသည်။

ရေခဲတောင်နှင့်မတိုက်မိစေရန် အတတ်နိုင်ဆုံး ကြိုးစားရှောင်တိမ်းခဲ့သော်လည်း တိုက်တန်းနစ်သင်္ဘောကြီး၏ ဦးပိုင်းလက်ယာဘက်အခြမ်းသည် မျောနေသော ရောမရေခဲတောင်ကြီးနှင့် ပွတ်တိုက်ကာ သင်္ဘောဦးပိုင်းရှိ ထိပ်ဆုံးအခန်းခြောက်ခန်းမှာ ပွင့်ထွက်သွားခဲ့သည်။

**စတင်နစ်မြုပ်မှု**

ပျက်စီးသွားသော အခန်းများထဲတွင် သင်္ဘောစက်ခန်းလည်းပါဝင်နေခဲ့ရာ ထိခိုက်တိုက်မိမှုဒဏ်ကြောင့် ဘွိုင်လာမှ ရေပူနှင့်ရေနွေးငွေ့များ ပန်းထွက်လာခဲ့သည်။ ဘွိုင်လာမီးထိုးသမားများမှာ စက်ခန်းမှထွက်ပြေးကြပြီး အခန်းတံခါးကို လုံအောင်ပိတ်ခဲ့ကြသည်။ ပွင့်ထွက်သွားသောအခန်းများအတွင်းသို့ ပင်လယ်ရေများစီးဝင်ရောက်ရှိလာကာ ၎င်းရေလုံအခန်းများ၌ ရေပြည့်သွားသည်နှင့် သင်္ဘောဦးပိုင်းကြီးလေးလံပြီး ရှေ့သို့ ဦးစိုက်ကျလာတော့သည်။ သန်းခေါင်ကျော် နံနက် ၂ နာရီတွင် သင်္ဘောပဲ့ပိုင်းမှာ လေထဲသို့မြောက်တက်နေပြီး ရှေ့ပိုင်း၌ရှိနေသည့် ခေါင်းတိုင်ကြီးမှာ ရေထဲသို့ ပြုတ်ကျသွားခဲ့သည်။

**နှစ်ပိုင်းပြတ်ခြင်း**

ထိုအချိန်တွင် သင်္ဘောမှာ ၄၅ ဒီဂရီတိမ်းစောင်းနေပြီး သင်္ဘောခါးလည်ပိုင်သည် နှစ်ပိုင်းပြတ်လုအခြေအနေသို့ ရောက်ရှိနေခဲ့သည်။ ထိုနေရာတွင် သက်ရောက်နေသည့်ဖိအားမှာ တစ်စတုရန်းလက်မပေါ်တွင် ၁၅ တန်ပမာဏထိ ရှိနေခဲ့သည်။ ထိုသက်ရောက်မှုအားကြောင့်ပင် သင်္ဘောရက်မကြီးကျိုးသွားပြီး သင်္ဘောဝမ်းဗိုက် အောက်ခံသံမဏိပြားများ ကွေးကောက်တွန့်လိမ်သွားခဲ့သည်။

ထိုအချိန်တွင် တန်ချိန် ၁၆၀၀၀ အလေးချိန်ရှိသော ပင်လယ်ရေထုကြီး ဝင်ရောက်လာမှုကြောင့် သင်္ဘောဦးပိုင်းပြတ်ကျသွားကာ တစ်နာရီလျှင် ၁၃ မိုင်နှုန်းဖြင့် ပင်လယ်ကြမ်းပြင်ဆီသို့ ကျဆင်းသွားခဲ့သည်။ နံနက် ၂ နာရီ မိနစ် ၃၀ ခန့်တွင် ပဲ့ပိုင်းသည်လည်း တဖြည်းဖြည်းနစ်မြုပ်ပြီး ရေမျက်နှာပြင်အောက်ပေ ၁၀၀ အရောက်တွင် ပေါက်ကွဲကာ တန်ချိန်များစွာရှိသော ပစ္စည်းများသည်လည်း ရေထဲ၌ လွင့်စဉ်ပျံ့နှံ့ကုန်သည်။

ဤသို့ဖြင့် တိုက်တန်းနစ်သင်္ဘောကြီးသည် အသက်ကယ်လှေများဖြင့် ထွက်ခွာခြင်းမပြုနိုင်သည့် ခရီးသည် ၁၅၀၀ ကျော်နှင့်အတူ ပင်လယ်ရေမျက်နှာပြင်အောက် ၁၂၆၀၂ ပေအနက်ရှိ ပင်လယ်ကြမ်းပြင်ပေါ်၌ ထာဝရအိပ်စက်ခဲ့ရတော့သည်။

# စလင်းမြို့နယ် မကျီးစင်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**စလင်း ဇူလိုင် ၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာများ၏ ပကတိလိုအပ်ချက်များကို ဖော်ထုတ်ပြီး ဖွံ့ဖြိုးရေးအစီအစဉ်များရေးဆွဲရန်အတွက် မကျီးစင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်ရွေးချယ်ရာတွင် လိုက်နာရမည့်အချက်များ၊ ကော်မတီဝင်များ၏ တာဝန်များ၊ အကျုံးဝင်သောစီမံကိန်းလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ဆွေးနွေး ပြောကြားသည်။

ထို့နောက် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများက တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စီစဲကျေးရွာအုပ်စု မကျီးစင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာရှိ တောင်သူများ အဓိကအားထားအသုံးပြုနေသော ကုန်ထုတ်လမ်းပြုပြင်ခြင်းလုပ်ငန်းကို ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

ယဉ်လေး

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ယခုဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လထိ သတ္တုနှင့် တွင်းထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၉၄၆ သန်းရရှိခဲ့

**နေပြည်တော် ဇူလိုင် ၃**

ယခုဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လထိ မြန်မာနိုင်ငံက သတ္တုနှင့် တွင်းထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၉၄၆ သန်းရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနန္ဒက ပြောပြ၍ သိရသည်။



သပိတ်ကျင်းမြို့နယ်ရှိ အသေးစားရွှေလုပ်ကွက်ကို တွေ့ရစဉ်။

မြန်မာနိုင်ငံက သတ္တုနှင့် တွင်းထွက် ပစ္စည်းများကို နိုင်ငံတကာသို့ တင်ပို့နိုင်မှုမှာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇွန် ၃၀ ရက်ထိ နိုင်ငံပိုင်ကဏ္ဍက အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၄၆၄ သန်း၊ ပုဂ္ဂလိကကဏ္ဍက အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၄၈၂ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၉၄၆ သန်း တင်ပို့ထားကြောင်း သိရသည်။

"သတ္တုနဲ့ တွင်းထွက်ပစ္စည်းကဏ္ဍအနေနဲ့ နိုင်ငံတကာတင်ပို့မှုကနေ ပို့ကုန်ဝင်ငွေရရှိမှုကတော့ အခုဘဏ္ဍာနှစ် ဧပြီလကနေ ဇွန်လအတွင်းမှာ အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၉၄၆ သန်း ရရှိထားပါတယ်။ သတ္တုအနေနဲ့ပြည်ပတင်ပို့ရာမှာ အဓိက တရုတ်နိုင်ငံကို တင်ပို့နေပါတယ်။ တင်ပို့နေတဲ့ သတ္တုတွေကတော့ ခဲမဖြူ၊ အဖြိုက်နက်၊ ခနောက်စိမ်း၊ ကြေးနီ၊ ကြေးဝါတွေဖြစ်ပါတယ်။ အခုဘဏ္ဍာနှစ်အတွင်းမှာ သတ္တုနဲ့ သတ္တုရိုင်း တင်ပို့နိုင်မှုကတော့ အရင်နှစ်ကာလတူထက် ပိုမိုတင်ပို့နိုင်ခဲ့သလို ဈေးကွက်သစ်တွေလဲ ရရှိထားပါတယ်။ အများဆုံးတင်ပို့နေတဲ့ ခဲမဖြူနဲ့ အဖြိုက်နက် သတ္တုတွေကို ကယားပြည်နယ်နဲ့တနင်္သာရီတိုင်းဒေသကြီးတို့က အများဆုံး ထုတ်လုပ်နေပြီး မန္တလေးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးမှာလဲ ထုတ်လုပ်နေပါတယ်"ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနန္ဒက ပြောပြသည်။

ပြည်ပနိုင်ငံများသို့ မြန်မာနိုင်ငံက သတ္တုနှင့် တွင်းထွက်ပစ္စည်းများ တင်ပို့ရာတွင် ရွှေ၊ ကျောက်စိမ်း၊ ကျောက်မျက်ရတနာ၊ ခဲ၊ ခဲမဖြူ၊ အဖြိုက်နက်၊ ငွေ၊ ကြေးနီ၊ သွပ်၊ ကျောက်မီးသွေးနှင့် အခြားတွင်းထွက်ပစ္စည်း အမျိုးမျိုးကို တင်ပို့နေကြောင်း သိရသည်။

ASH

# လားရှိုးမြို့နယ် ပန်ဟတ် (၁၀) မိုင်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**လားရှိုး ဇူလိုင် ၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ခေတ်မီစံပြကျေးရွာ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဟိုပိတ်ကျေးရွာအုပ်စု ပန်ဟတ်(၁၀)မိုင်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF)လုပ်ငန်းများဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးစောမြင့်ထွန်း၊ လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မော်သန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်တွေ့ဆုံ၍ ပန်ဟတ်(၁၀)မိုင်ကျေးရွာ၌ အစုအဖွဲ့စနစ်ဖြင့် ၎င်းတို့မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများစနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်းက RBF စီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပန်ဟတ်(၁၀)မိုင် ကျေးရွာ၌ အဆိုပါအစုအဖွဲ့စနစ်ဖြင့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ နှင့် မွေးမြူရေးလုပ်ငန်းအဖွဲ့လေးဖွဲ့က ထည့်ဝင်ငွေကျပ် ၅၄၂ သိန်း စုစုပေါင်း ငွေကျပ် ၈၄၂ သိန်းဖြင့် အဆိုပါကျေးရွာရှိ မွေးမြူရေးလုပ်ငန်းကိုင်သူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများ ရရှိစေရန်နှင့် အစုအဖွဲ့စနစ်ဖြင့် လုပ်ကိုင်တတ်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးဘရန်ဆိုင်းက ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

## စာအုပ်စာပေ ဖတ်စို့လေ

- အသိဉာဏ် အသွင်တင့်
  သတိချင့် စာဖတ်ပျော်၊
  ရသစုံ ဘဝလမ်း
  လျှောက်လှမ်းပုံဖော်၊
  စာကြည့်တိုက်က အလင်းခေါ်
  အပျော်ကျော် မိတ်ဆွေအဖြစ်၊
  အားလပ်ချိန် အချိန်မဖြုန်းဘဲ
  သုံးလိုက်ကျစ်လျစ်။

- လှမိတ်ဆွေ စာပေအစစ်
  ရှာဖွေချစ် ဖတ်ရှုပါ၊
  အသိဉာဏ် ပညာပေး
  ရင်အေးရမှာ၊
  သုတနဲ့ စာကဗျာ
  လေ့လာကာ အစဉ်မှတ်သား၊
  အမှားမှန် ဝေဖန်ခွဲဖို့
  ယှဉ်တွဲသိသွား။

- မပျင်းစေ စာပေအားက
  ပညာများ ရပါသည်၊
  စိတ်အားအင် ဖြည့်စွမ်းဖြိုး
  တိုးတက်တော့မည်၊
  စာပေရဲ့ တန်ဖိုးတည်
  အလင်းဆီသို့ ခေါ်ဆောင်ပေး၊
  စာအုပ်ကို အစဉ်ဖတ်
  စိတ်ဓာတ်ယဉ်ကျေး။

- စိတ်ပျော်ရွှင် လမ်းမှန်ရွေးဖို့
  စာဖတ်မနေး လက်စွဲလေ၊
  ဆောင်းပါးအစုံ ဝတ္ထုကျမ်း
  စူးစမ်းရှာဖွေ၊
  သမိုင်းသိ တာဝန်ကျေ
  မြတ်စာပေက လမ်းညွှန်ပြ၊
  အချိန်မကုန်စေဘဲ
  စာပေအဟုန် အသိဉာဏ်ဖြိုးတယ်
  တိုးတက်ထာဝရ။ ။

**ဖြိုးထက်(ရေစကြို)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# ချားလ်ဘုရင်-၃နှင့် သမ္မတ ဂျိုးဘိုင်ဒင်တို့ ဇူလိုင် ၁၀ ရက်တွင် လန်ဒန်မြို့၌ တွေ့ဆုံမည်

**လန်ဒန် ဇူလိုင် ၃**

ဗြိတိန်ဘုရင် ချားလ်-၃ သည် လာမည့်ဇူလိုင် ၁၀ ရက်တွင် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် လန်ဒန်မြို့ ဝင်ဆာရဲတိုက်၌တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ချားလ်ဘုရင်-၃နှင့် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်တို့၏ တွေ့ဆုံဆွေးနွေးပွဲအစီအစဉ်နှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ ဆက်လက် ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း ဘက်ကင်ဟမ်နန်းတော်ပြောရေးဆိုခွင့်ရှိသူက ဇူလိုင် ၂ ရက်တွင် ပြောကြားထားသည်။

ယခုလအတွင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ဗြိတိန်၊ လစ်သူယေးနီးယားနှင့် ဖင်လန်နိုင်ငံများသို့ သွားရောက်မည်ဖြစ်ကြောင်း အိမ်ဖြူတော်က သတင်းထုတ်ပြန်ထားသည်။

ဗြိတိန်ခရီးစဉ်အတွင်း သမ္မတဂျိုးဘိုင်ဒင်သည် ချားလ်ဘုရင်-၃ အပြင် ဗြိတိန်ဝန်ကြီးချုပ် ရီရှီဆူနက်ခ်နှင့်လည်း တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ချားလ်ဘုရင်-၃၏ မိခင် ဘုရင်မအဲလစ်ဇဘတ်ဈာပနအခမ်းအနားသို့ ပြီးခဲ့သည့်နှစ်အတွင်းက ကိုယ်တိုင်တက်ရောက်ခဲ့သည်။

သို့သော် သမ္မတ ဂျိုးဘိုင်ဒင်အနေဖြင့် ယခုနှစ် မေလအတွင်း ကျင်းပခဲ့သော ချားလ်ဘုရင်နန်းတက်ပွဲသို့ တက်ရောက်မှုမရှိခဲ့ကြောင်း သိရသည်။

KKO



# ဂျပန်နိုင်ငံ တိုကျိုမြို့လယ်၌ အဆောက်အအုံ ပေါက်ကွဲမှုဖြစ်ပွား လေးဦးဒဏ်ရာရရှိ

**တိုကျို ဇူလိုင် ၃**

ဂျပန်နိုင်ငံ တိုကျိုမြို့လယ်ရှိ အဆောက်အအုံတစ်လုံး၌ ယနေ့တွင် ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပေါက်ကွဲမှုကြောင့် အဆောက်အအုံလမ်းဆုံတစ်ခု၌ အပျက်အစီးများပြန့်ကြဲခဲ့ရပြီး မီးလောင်မှုတစ်ရပ်လည်း ဖြစ်ပွားခဲ့ကြောင်း ဂျပန်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

တိုကျိုမြို့ ရှင်ဘာရှီနယ်မြေ၌ ဖြစ်ပွားခဲ့သော အဆိုပါအဆောက်အအုံပေါက်ကွဲမှုအတွင်း လူပေါင်း လေးဦးဒဏ်ရာများ ရခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ပေါက်ကွဲမှုဖြစ်ပွားရခြင်း နောက်ခံအကြောင်းအရင်းကို ဂျပန်ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

သို့သော် အဆောက်အအုံပေါက်ကွဲမှုမဖြစ်ပွားမီ ဓာတ်ငွေ့နံ့ပေါ်ထွက်ခဲ့ကြောင်းမျက်မြင်ကြုံတွေ့သူများက ပြောကြားခဲ့သည်။

ပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ အဆောက်အအုံအနီးတွင် ဘီယာဆိုင်များ၊ စားသောက်ဆိုင်များ ပြည့်နေသောရထားဘူတာရုံတစ်ရုံ တည်ရှိကြောင်း သိရသည်။ KKO

STOP COVID-19

# အက်စ်စီအိုထိပ်သီးညီလာခံကို ရုရှားသမ္မတပူတင် တက်ရောက်မည်



**ဒေလီ ဇူလိုင် ၃**

ရုရှားသမ္မတပူတင်သည် ယခုရက်သတ္တပတ်အတွင်း ကျင်းပမည့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အက်စ်စီအို)၏ ဗီဒီယိုကွန်ဖရင့်ထိပ်သီးညီလာခံ၌ ပါဝင်မည်ဖြစ်ကြောင်း အေပီသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အက်စ်စီအို အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များ၏ ထိပ်သီးညီလာခံကို ဇူလိုင် ၄ ရက်တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပမည်ဖြစ်ကြောင်း အက်စ်စီအိုအလှည့်ကျဥက္ကဋ္ဌ အိန္ဒိယနိုင်ငံက ကြေညာထားသည်။

အဆိုပါ ထိပ်သီးညီလာခံတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်၊ အိန္ဒိယဝန်ကြီးချုပ် မိုဒီနှင့် ဗဟိုအာရှနိုင်ငံများမှ ခေါင်းဆောင်များလည်း ပါဝင်မည်ဖြစ်သည်။

အက်စ်စီအိုအဖွဲ့သည် ယူကရိန်းပြဿနာနှင့်ပတ်သက်၍ ရုရှားနိုင်ငံကို အပြစ်တင်ရန်ငြင်းဆိုထားသော နိုင်ငံတကာ အဖွဲ့အစည်းဖြစ်ကြောင်း သိရသည်။

ဇူလိုင် ၄ ရက် အက်စ်စီအိုထိပ်သီးဆွေးနွေးပွဲတွင် အီရန်နိုင်ငံကို အက်စ်စီအိုအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် တရားဝင်အသိအမှတ်ပြုရန် အက်စ်စီအိုအဖွဲ့ဝင်နိုင်ငံများက စီစဉ်ထားကြောင်း သိရသည်။

ထို့အတူ ရုရှား၏ အဓိကမဟာမိတ်တစ်ဦးဖြစ်သည့် ဘီလာရုစ်နိုင်ငံသည်လည်း အက်စ်စီအို၌ ပါဝင်ခွင့်ရရန် အဆိုပြုထားကြောင်း သိရသည်။

KKO

# တရုတ်ရေတပ်စစ်သင်္ဘောအုပ်စု နိုင်ဂျီးရီးယားနိုင်ငံသို့ရောက်ရှိ

**အဘူဂျာ ဇူလိုင် ၃**

အာဖရိက အတ္တလန္တိတ်ကမ်းရိုးတန်းဒေသခရီးစဉ်အဖြစ် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ပီအယ်လ်အေ)ရေတပ်မှစစ်သင်္ဘောအုပ်စုတစ်စုသည် ဇူလိုင် ၂ ရက်တွင်နိုင်ဂျီးရီးယားနိုင်ငံသို့ ရောက်ရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

နန်နင်းအမည်ရှိ ဖျက်သင်္ဘောတစ်စီးဦးဆောင်သော အဆိုပါ တရုတ်ရေတပ် စစ်သင်္ဘောအုပ်စုသည် နိုင်ဂျီးရီးယားနိုင်ငံ၌ ငါးရက်ကြာရှိနေမည်ဖြစ်ကြောင်း နိုင်ဂျီးရီးယားနိုင်ငံဆိုင်ရာ တရုတ်သံရုံးက သတင်းထုတ်ပြန်ထားသည်။

နိုင်ဂျီးရီးယားနိုင်ငံသည် ဂီနီယာပင်လယ်ကွေ့ လုံခြုံရေးပြဿနာများကိုကိုင်တွယ်ရေး၊ ယင်းပင်လယ်ကွေ့ဒေသတည်ငြိမ်မှုကို ထိန်းသိမ်းရေးအတွက်တရုတ်နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိနေကြောင်း နိုင်ဂျီးရီးယားနိုင်ငံဆိုင်ရာ တရုတ်သံရုံး၏အဆိုအရ သိရသည်။

အင်ဂိုလာနိုင်ငံ၊ နိုင်ဂျီးရီးယားနိုင်ငံတို့ဖြင့် အဓိကဖွဲ့စည်းထားသော အနောက်အာဖရိကဒေသသည် တရုတ်နိုင်ငံ၏ ရေနံလိုအပ်ချက်ကို အဓိကဖြည့်ဆည်းပေးနေသောနိုင်ငံဖြစ်သည်။

ပြီးခဲ့သည့်နှစ် ၃၀ အတွင်း တရုတ်နိုင်ငံသည် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် ချေးငွေကဏ္ဍများဖြင့် အာဖရိကနိုင်ငံအားလုံးနီးပါး၌ ဩဇာတည်ဆောက်နိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် တရုတ်နိုင်ငံသည် ၎င်း၏ပထမဆုံး ပြည်ပရေတပ်အခြေစိုက်စခန်းကို အာဖရိက ဦးချိုဒေသရှိ ဂျီဘူတီနိုင်ငံ၌ ၂၀၁၇ ခုနှစ်တွင် ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။ KKO



# အစ္စရေးစစ်ဘက်က အနောက်ဘက်ကမ်းဒေသရှိ စစ်သွေးကြွအခြေစိုက်စခန်းကို မောင်းသူမဲ့လေယာဉ်များသုံး၍ တိုက်ခိုက်

**ဂျေရုဆလင် ဇူလိုင် ၃**

အစ္စရေးစစ်ဘက်သည် ယနေ့နံနက်ပိုင်းတွင်အနောက်ဘက်ကမ်းဒေသရှိ စစ်သွေးကြွအခြေစိုက်စခန်းတစ်ခုကို မောင်းသူမဲ့လေယာဉ်များသုံး၍ တိုက်ခိုက်ခဲ့သည်ဟု အေပီသတင်းဌာနက ဖော်ပြခဲ့ကြောင်း သိရသည်။

အစ္စရေးစစ်ဘက် အနေဖြင့် အနောက်ဘက်ကမ်းဒေသ ဂျီနင်း ဒုက္ခသည်စခန်း နယ်မြေအတွင်းရှိ အဆောက်အအုံ တစ်လုံးကို မောင်းသူမဲ့ လေယာဉ်များဖြင့် ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးစစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

အဆိုပါအဆောက်အအုံသည် တိုက်ခိုက်မှုများကို အစီအစဉ်ရေးဆွဲပြင်ဆင်ရေးအတွက် စစ်သွေးကြွများအသုံးပြုနေသော အဆောက်အအုံဖြစ်ကြောင်း အစ္စရေးစစ်ဘက်၏ အဆိုအရ သိရသည်။

ထို့ပြင် အစ္စရေးတပ်ဖွဲ့ဝင်ရာပေါင်းများစွာတို့ကလည်း ဂျီနင်း ဒုက္ခသည်စခန်း နယ်မြေအတွင်း စီးနင်းရှာဖွေမှုများ ပြုလုပ်ခဲ့ကြသည်။

ဂျီနင်း ဒုက္ခသည်စခန်းနယ်မြေ စစ်ဆင်ရေးတွင် အစ္စရေးတပ်ဖွဲ့ဝင်ပေါင်း ၂၀၀၀ထိ ပါဝင်ခဲ့ကြောင်း သိရသည်။


အစ္စရေးစစ်ဘက်သည် ပါလက်စတိုင်းတို့၏ ဒုတိယမြောက်ပုန်ကန်မှုပြီးဆုံးခဲ့ချိန် ၂၀၀၆ ခုနှစ် နောက်ပိုင်း အကြီးမားဆုံးစစ်အင်အားကို သုံး၍ အနောက်ဘက်ကမ်းဒေသ၌ စစ်ဆင်ရေးများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အစ္စရေးစစ်ဘက်၏ ယနေ့စစ်ဆင်ရေးအတွင်းအနောက်ဘက်ကမ်းဒေသ၌ အနည်းဆုံး ပါလက်စတိုင်းလူမျိုးခုနစ်ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က စနေဂြိုဟ်ကို အနီအောက်ရောင်ခြည်လှိုင်းအလျားဖြင့် ပထမဆုံးအကြိမ် ဓာတ်ပုံရိုက်ကူးနိုင်ခဲ့




**ဝါရှင်တန် ဇူလိုင် ၃**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် စနေဂြိုဟ်ကို အနီအောက်ရောင်ခြည် လှိုင်းအလျားဖြင့် ပထမဆုံးအကြိမ် ဓာတ်ပုံ ရိုက်ကူးနိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၂ ရက်တွင် ရေးသားတင်ပြထားသည်။

ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်သည် ဇွန် ၂၅ရက်တွင် အဆိုပါစနေဂြိုဟ်ဓာတ်ပုံများကို ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က အနီအောက်ရောင်ခြည်လှိုင်းဖြင့် ရိုက်ကူးထားသော အဆိုပါဓာတ်ပုံများတွင် စနေဂြိုဟ်၏ခါးပတ်ကွင်းများကို အသွင်တစ်မျိုးဖြင့်တွေ့မြင်နိုင်မည်ဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

ထို့ပြင် ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ် ရိုက်ကူးခဲ့သည့် ဓာတ်ပုံများထဲတွင် စနေဂြိုဟ် ဂြိုဟ်ရံလ ၁၄၅ စင်းအနက် သုံးစင်းကိုလည်း တွေ့မြင်နိုင်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်ကို စကြဝဠာ၏ ပထမဆုံးကြယ်များနှင့် ကြယ်စုများကိုလေ့လာရန် ပုံစံထုတ်တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ၎င်းအာကာသရေဒီယိုတယ်လီစကုပ်သည် နေအဖွဲ့အစည်းအတွင်းရှိ ဂြိုဟ်များနှင့် အာကာသဒြပ်ထုများကိုလည်း လေ့လာနိုင်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

KKO


## ခေတ်သစ်လူသားများနှင့်သွေးနီးသော ရှေးဦးလူများ လွန်ခဲ့သောနှစ်ပေါင်း ၁ ဒသမ ၅ သန်းခန့်က ဇာတ်တူသားစားသည့်အလေ့အထ ကျင့်သုံးခဲ့ဖွယ်ရှိ

**ပဲရစ် ဇူလိုင် ၃**

ခေတ်သစ်လူသားများနှင့် သွေးနီးသော ရှေးဦးလူများသည် လွန်ခဲ့သောနှစ်ပေါင်း ၁ ဒသမ ၅ သန်းခန့်က ဇာတ်တူသားစားသည့် အလေ့အထ ကျင့်သုံးခဲ့ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဇူလိုင် ၂ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ စမစ်ဆိုနီယမ်အင်စတီကျူမှ သုတေသနပညာရှင်များသည် ကင်ညာနိုင်ငံ၌ တူးဖော်တွေ့ရှိခဲ့သော သက်တမ်း ၁ ဒသမ ၅ သန်းခန့်ရှိ ရှေးဦးလူတူ ကျောက်ဖြစ်ရုပ်ကြွင်းများကို လေ့လာခဲ့ကြသည်။

လေ့လာချက်ရလဒ်များအရ ရှေးဦးလူတူ ခြေသလုံးကျောက်ဖြစ်ရုပ်ကြွင်းများတွင် ကျောက်လက်နက်နှင့် လှီးခြစ်ထားသည့် အစင်းအရာများ တွေ့ရှိခဲ့ရကြောင်း ပြင်သစ် သိပ္ပံပညာရှင်များက ပြောကြားသည်။



ကျောက်ဖြစ်ရုပ်ကြွင်း ခြေသလုံးရိုးတွင် တွေ့ထားရသော ခြစ်ရာအစင်းကြောင်းများအရ လွန်ခဲ့သောနှစ်ပေါင်း ၁ ဒသမ ၅ သန်းခန့်က ရှေးဦးလူတူများကြား ဇာတ်တူသားစားသည့် အလေ့အထရှိနိုင်မှုကို ပြသနေကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

ကျောက်ဖြစ်ရုပ်ကြွင်း အထောက်အထားများအရ ရှေးဦးလူတူများ ဇာတ်တူသားစားမှုသည် ကိုးကွယ်ယုံကြည်မှုအစဉ်အလာမျိုးမဟုတ်ဘဲ အသက်ရှင်ရေးအတွက်စားခြင်းဖြစ်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

လွန်ခဲ့သောနှစ်ပေါင်း ၁ ဒသမ ၅ သန်းခန့်က အာဖရိကတိုက်၌ ရှိခဲ့ဖူးသော ရှေးဦးလူတူမျိုးစိတ် အနည်းဆုံး သုံးခုတွင် ဇာတ်တူသားစားသည့်အလေ့အထရှိနိုင်သည်ဟု သိပ္ပံပညာရှင်များက ယုံကြည်ထားကြောင်း သိရသည်။ KKO

## ရေဘဝဲများက လူသားများကဲ့သို့ အိပ်မက် မက်တတ်သော သက်ရှိအမျိုးအစားဖြစ်နိုင်

**တိုကျို ဇူလိုင် ၃**

ရေဘဝဲများသည် လူသားများကဲ့သို့ပင် အိပ်မက် မက်တတ်သော သက်ရှိအမျိုးအစားဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဇူလိုင် ၂ ရက်တွင် ရေးသားတင်ပြထားသည်။

အိပ်စက်နေစဉ်အတွင်း ရေဘဝဲများဖန်တီးတတ်သည့် အရေပြားပုံစံသည် ၎င်းသတ္တဝါများအနေဖြင့် အိပ်မက် မက်ခြင်းနှင့် အလားတူသော အတွေ့အကြုံများခံစားတတ်သည်ကိုပြသနေကြောင်း ဂျပန်သိပ္ပံပညာရှင်များက ပြောကြားသည်။

ရေဘဝဲများသည် နိုးထလှုပ်ရှားနေစဉ်အတွင်း ပတ်ဝန်းကျင်အခြေအနေများအလိုက် ကိုယ်ယောင်ဖျောက်ထားပြီး အရေပြားပုံစံအမျိုးမျိုး ဖန်တီးနိုင်စွမ်းရှိကြောင်း သိရသည်။

သို့ရာတွင် ရေဘဝဲများသည် နိုးထနေစဉ်ကာလကကဲ့သို့ပင် အိပ်စက်နေချိန်တွင်လည်း အရေပြားပုံစံအမျိုးမျိုး ဖန်တီးနေတတ်ကြောင်း ဂျပန်သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ ရေဘဝဲများအနေဖြင့် အိပ်စက်နေချိန်အတွင်း နိုးထစဉ်ကာလ လှုပ်ရှားမှုများကို ပြန်လည်လေ့ကျင့်၊ ပြန်လည်သင်ယူနေသည့်သဘောမျိုး ရှိနေတတ်သည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

ရေဘဝဲများ၏ အထက်ပါအတွေ့အကြုံသည် လူသားများ အိပ်မက် မက်သည်နှင့်အလားတူကြောင်း ဂျပန်သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

KKO

# HEALTH

## ဆီးချိုရောဂါလူနာလေးဦးလျှင် တစ်ဦးတွင် Diabetic Retinopathy ရောဂါရှိတတ်

**နယူးယောက် ဇူလိုင် ၃**

ဆီးချိုရောဂါလူနာ လေးဦးလျှင် တစ်ဦးမှာ Diabetic Retinopathy ခေါ် ဆီးချိုရောဂါနှင့်သက်ဆိုင်သော မျက်စိရောဂါတစ်မျိုးရှိနေတတ်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၂ ရက်တွင်ရေးသားတင်ပြထားသည်။

Diabetic Retinopathy ရောဂါသည် မျက်စိနောက်ဘက်နာ့ဗ်ဆဲလ်လွှာဖြစ်သည့် မျက်ကြောလွှာ ရောဂါတစ်မျိုးဖြစ်ပြီး လူကြီးပိုင်းများ မျက်စိကွယ်မှု၏ အဓိကအကြောင်းတရား တစ်ရပ်ဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား-အာဗင်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ ဆီးချိုလူနာလေးဦးလျှင် တစ်ဦးတွင် Diabetic Retinopathy ရောဂါရှိနေတတ်ကြောင်း သိရသည်။

ဆီးချိုရောဂါကြောင့် မျက်စိအတွင်းရှိ သွေးကြောများပျက်စီးချိန်တွင် ဖြစ်ပွားတတ်သည့် Diabetic Retinopathy ရောဂါသည် မိမိတို့ မျှော်လင့်ထားသည်ထက် ဆီးချိုလူနာများ၌ အဖြစ်ပိုများနေကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အဆိုပါ မျက်စိရောဂါသည် ပုံစံ-၁ ဆီးချိုလူနာများတွင်ရော၊ ပုံစံ-၂ ဆီးချိုလူနာများတွင်ပါ ဖြစ်ပွားတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Diabetic Retinopathy ရောဂါသည် အချိန်နှင့်အမျှတိုးလာတတ်သည့် ရောဂါတစ်မျိုးဖြစ်ပြီး အမြင်အာရုံ ဆုံးရှုံးသွားနိုင်သည့်အဆင့်ထိ ရောက်သွားတတ်ကြောင်း သိရသည်။

KKO

## အဆီနည်းသည့်ကြွက်သားပိုင်ဆိုင်မှု မြင့်မားသူများတွင် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက်ပိုနည်းပါး

**နယူးယောက် ဇူလိုင် ၃**

အဆီပါဝင်မှု နည်းပါးသည့် ကြွက်သားပိုင်ဆိုင်မှုအဆင့်မြင့်မားသူများတွင် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက် ပိုနည်းပါးကြောင်း The Daily Mail သတင်းစာက ဇူလိုင် ၂ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ အဆီနည်းသည့် ကြွက်သားထု(Lean Muscle) ပိုင်ဆိုင်မှုအဆင့် မြင့်မားသူများသည် ပုံမှန်သက်တူရွယ်တူများနှင့် နှိုင်းယှဉ်ပါက အသက်ရလာချိန်တွင် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ ၁၂ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း သိရသည်။

အဝလွန်မှုကို အယ်ဇိုင်းမားရောဂါဖြစ်ပွားရခြင်း၏ အဓိကနောက်ခံအကြောင်းတရားအဖြစ် အများကလက်ခံနားလည်ထားပြီးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ အဆီပါဝင်မှုနည်းသည့် ကြွက်သားထုပိုင်ဆိုင်မှုအဆင့်သည်လည်း အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေနှင့် ဆက်စပ်နေနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက သုံးသပ်ထားသည်။

သို့ရာတွင် အဆီပါဝင်မှုနည်းသည့် ကြွက်သားထုပိုင်ဆိုင်မှုအဆင့်နှင့် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေတို့ကြား မည်သို့မည်ပုံဆက်စပ်နေနိုင်သည်ကို သုတေသနပညာရှင်များက ရှင်းပြနိုင်မှုမရှိသေးပေ။

အမေရိကန်သုတေသနပညာရှင်များသည် လူပေါင်း ၄၅၀၀၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။ KKO






# မန်စီးတီးအသင်းကစားသမား ဘာနာဒိုဆေးဗားကို တစ်ပတ်လုပ်ခ စတာလင်ပေါင် ၈၀၀၀၀၀ ဖြင့် အယ်ဟိုင်လာအသင်း ကမ်းလှမ်း



**မန်ချက်စတာ ဇူလိုင် ၃**

မန်စီးတီးအသင်းသည် ကွင်းလယ်ကစားသမား ဂန်ဒိုဂမ်ကိုလက်လွှတ်ခဲ့ရပြီးနောက် ဘာနာဒိုဆေးဗားကို အသင်းတွင် ဆက်လက်ထိန်းသိမ်းရန်ကြိုးပမ်းနေသော်လည်း ဆော်ဒီအာရေဗျကလပ် အယ်ဟိုင်လာအသင်းက ၎င်းကို တစ်ပတ်လုပ်ခ စတာလင်ပေါင် ၈၀၀၀၀၀ ဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့ကြောင်း Daily Star သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၈ နှစ်ရှိ ဘာနာဒိုဆေးဗားသည် မန်စီးတီးအသင်းတွင် တစ်ပတ်လုပ်ခ စတာလင်ပေါင် ၁၅၀၀၀၀ ခွဲသာရရှိပြီး လာမည့် ၂၀၂၅ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း အသင်းအား ၂၀၂၂-၂၀၂၃ ဘောလုံးရာသီတွင် ဆုဖလားသုံးလုံးရရှိအောင် အဓိကနေရာမှ ပါဝင်စွမ်းဆောင်ခဲ့သည့် ၎င်းကို နည်းပြ ဂွါဒီယိုလာက ဆက်လက်ထိန်းသိမ်းရန် ကစားသမားနှင့် ဆွေးနွေးမှုများပြုလုပ်နေသည်။

လက်ရှိတွင် ဆော်ဒီအာရေဗျကလပ်အသင်းများသည် ၎င်းတို့နိုင်ငံ၏ ဘောလုံးအဆင့်အတန်းကို မြှင့်တင်ရန်အတွက် ဥရောပမှ ထိပ်တန်းကစားသမားများကို ခေါ်ယူလျက်ရှိပြီး စီရော်နယ်ဒို၊ ဘင်ဇီမား၊ ကန်တီ၊ ရှုဘင်နီဗက်စသည့် ကစားသမားများကို ခေါ်ယူခဲ့သကဲ့သို့ ယခုအခါ အမည်မဖော်ပြလိုသည့် ဆော်ဒီအာရေဗျကလပ် အယ်ဟိုင်လာအသင်းက ဘာနာဒိုဆေးဗားကို တစ်ပတ်လုပ်ခ စတာလင်ပေါင် ၈၀၀၀၀၀ ဖြင့် ကမ်းလှမ်းမှုပြုလုပ်ခဲ့သည်။

ဘာနာဒိုဆေးဗားသည် မန်စီးတီးအသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားပြီး ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားရန် စီစဉ်နေသော်လည်း ဘာစီလိုနာအသင်းက အလွတ်ပြောင်းရွှေ့ကြေးဖြင့်သာ ခေါ်ယူရန်ကြိုးပမ်းနေသဖြင့် ပီအက်စ်ဂျီအသင်းက ထပ်မံချိတ်ဆက်နေပြီး မန်စီးတီးအသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၆၀ အလိုရှိနေသော်လည်း အသင်းတွင် ဆက်လက်ထိန်းသိမ်းရန် ကြိုးပမ်းနေကြောင်း သိရသည်။ ML

# ဆော်လမွန်၏ အပြောင်းအရွှေ့နှင့်ပတ်သက်၍ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် စစ်ဆေးမှုပြုလုပ်

**လန်ဒန် ဇူလိုင် ၃**

စပါးအသင်းသည် ဖူလ်ဟမ်အသင်း တိုက်စစ်ကစားသမား ဆော်လမွန်ကိုခေါ်ယူရန်ပုဂ္ဂိုလ်ရေးသဘောတူညီမှု ရရှိခဲ့သော်လည်း ကစားသမား၏အပြောင်းအရွှေ့နှင့်ပတ်သက်၍ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က စစ်ဆေးမှုပြုလုပ်နေကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဆော်လမွန်သည် ပြီးခဲ့သည့် ဘောလုံးရာသီက ယူကရိန်းကလပ် ရှက်တာဒိုးနက်အသင်းမှ ဖူလ်ဟမ်အသင်းသို့တစ်ရာသီအငှားစာချုပ်ဖြင့်ရောက်ရှိခဲ့ပြီး စာချုပ်ကုန်ဆုံးချိန်တွင် ကစားသမားအနေဖြင့် စပါးအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အသက် ၂၃ နှစ်ရှိ ဆော်လမွန်သည် ရှက်တာဒိုးနက်အသင်းနှင့် လာမည့် ဒီဇင်ဘာလမှသာ စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သည့်အတွက် စပါးအသင်းနှင့် အပြောင်းအရွှေ့ကို ရှက်တာဒိုးနက်အသင်းက ကန့်ကွက်ခဲ့ပြီး စွဲချက်တင်ခဲ့ရာ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ကစစ်ဆေးမှုပြုလုပ်လျက်ရှိသည်။

ကမ္ဘာ့ ဘောလုံးအဖွဲ့ချုပ်၏ စည်းမျဉ်းသတ်မှတ်ချက်၌ ကစားသမားတစ်ဦးအနေဖြင့် သက်ဆိုင်ရာကလပ်အသင်းနှင့်စာချုပ်သက်တမ်းမကုန်ဆုံးဘဲ အခြားမည်သည့်အသင်းကိုမျှ ပြောင်းရွှေ့ခွင့်ရမည်မဟုတ်သောကြောင့်ယခုဖြစ်စဉ်ကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က စုံစမ်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှက်တာဒိုးနက် အမှုဆောင်ဒါရိုက်တာပေါလ်ကင်က "ဆော်လမွန်အနေနဲ့ ဘယ်အသင်းကိုပြောင်းပြောင်း ကျွန်တော်တို့ကစားသမားအဖြစ်ရှိနေဆဲပါ။စပါးအသင်းကိုပြောင်းမယ်ဆိုရင်လဲ စပါးအသင်းက ကျွန်တော်တို့နဲ့သဘောတူညီမှုရယူရမှာပါ။ အခုအခြေအနေကရှိုးရှင်းပါတယ်။ ငွေကြေးသုံးစွဲနိုင်တဲ့အသင်းက မတရားမှုပြုလုပ်တာပါ။ ကျွန်တော်တို့အသင်းက ကစားသမားကိုခေါ်ယူဖို့ ငွေကြေးများစွာသုံးစွဲခဲ့ရတာဖြစ်ပါတယ်။ အခုဖြစ်စဉ်က အသင်းအတွက် မမျှတဘူးလို့ခံစားရတာကြောင့် ကျွန်တော်တို့ရဲ့အခွင့်အရေးအတွက် တရားရုံးကပဲရင်ဆိုင်သွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ML



# ဝုဗ်ကစားသမား နသန်ကောလင်းကို စတာလင်ပေါင် ၂၃ သန်းဖြင့် ဘရန့်ဖို့ဒ်အသင်းခေါ်ယူ

**လန်ဒန် ဇူလိုင် ၃**

ဘရန့်ဖို့ဒ်အသင်းသည် ခံစစ်ပိုင်းလိုအပ်ချက်အတွက် ဝုဗ်အသင်းခံစစ်ပိုင်းတွင် ခြေစွမ်းပြသနေသည့်လူငယ်ကစားသမား နသန်ကောလင်းကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၃ သန်းဖြင့်ခေါ်ယူနိုင်ခဲ့သည်ဟုထုတ်ပြန်ခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၂ နှစ်ရှိ ခံစစ်ကစားသမား နသန်ကောလင်းသည် ပြီးခဲ့သည့်နှစ် နွေရာသီအပြောင်းအရွှေ့ကာလက ဘန်လေအသင်းမှ ဝုဗ်အသင်းသို့ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၀ ဒသမ ၅ သန်းဖြင့်ရောက်ရှိခဲ့ပြီး အသင်းတွင် ခံစစ်ကစားသမား မိတ်လန်နိုင်းနှင့် ပွဲထွက်ခွင့်ယှဉ် ပြိုင်ခဲ့ရသော်လည်း ဦးစားပေးကစားသမားဖြစ်လာခဲ့ကာ ပြိုင်ပွဲစုံ ၃၁ ပွဲပါဝင်ကစားပြီး ခြေစွမ်းပြသနိုင်ခဲ့သည်။

လက်ရှိ အပြောင်းအရွှေ့ကာလတွင် ဘရန့်ဖို့ဒ်အသင်းသည် ခံစစ်ပိုင်းအတွက် ဖလာကန်နှင့် ကီဗင်ရှိတ်တို့ကို ခေါ်ယူထားသော်လည်း နည်းပြ သောမတ်ဘရန့်က ပရီးမီးယားလိဂ်တွင် ထွန်းတောက်လာနိုင်သည့် နသန်ကောလင်း၏ ကစားပုံကို နှစ်သက်သောကြောင့် စပါးအသင်းနှင့် အပြိုင်ကမ်းလှမ်းခဲ့ရာ လက်ဦးမှုရယူနိုင်ခဲ့သည်။

ဝုဗ်အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက တန်းဆင်းဇုန်မှ လွတ်မြောက်ရန်အတွက် ကြိုးစားခဲ့ရာ ခံစစ်ပိုင်းကောင်းမွန်ခဲ့သဖြင့် ရလဒ်ကောင်းများ ရယူနိုင်ခဲ့ပြီး ပရီးမီးယားလိဂ်တွင် ဆက်လက်ကစားခွင့်ရရှိခဲ့သောကြောင့် ခြေစွမ်းပြသနိုင်ခဲ့သည့် ခံစစ်ကစားသမားများကို ပရီးမီးယားလိဂ်ပြိုင်ဘက်နှင့် ဥရောပကလပ်အသင်းများကစိတ်ဝင်စားခဲ့ပြီး လက်ရှိတွင် ခံစစ်ကစားသမား ကဲလ်မန်းကိုလည်း နာပိုလီအသင်းက စတာလင်ပေါင် သန်း ၃၀ ဖြင့်ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

ML

## အားကစားသတင်း အတိုအထွာများ

- ဂိုးသမား ဘက်ဖွန်ကို တစ်နှစ်လုပ်ခလစာ ယူရို သန်း ၃၀ ဖြင့် ခေါ်ယူရန် ဆော်ဒီအာရေဗျကလပ်အသင်းတစ်သင်းက ကမ်းလှမ်းခဲ့ကြောင်း သိရသည်။
- လီဗာပူးအသင်းက ဆောက်သမ်တန်လူငယ်ကစားသမား လာဗီယာကိုခေါ်ယူရန် ကြိုးပမ်းလျက်ရှိရာ ကလပ်အသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၅၀ အလိုရှိကြောင်း ထုတ်ပြန်ခဲ့သည်။
- ခံစစ်ကစားသမား ဂါဗာဒီယိုက မန်စီးတီးအသင်းသို့ပြောင်းရွှေ့ကစားရန်တောင်းဆိုထားကြောင်း လိုက်ပ်ဇစ်အသင်း ဒါရိုက်တာက ထုတ်ဖော်ပြောကြားခဲ့သည်။
- အယ်နာဆာအသင်းက အင်တာမီလန်အသင်းကစားသမား ဘရိုဇိုဗစ်ချ်ကို ပြောင်းရွှေ့ကြေး ယူရို ၁၈သန်းဖြင့်ခေါ်ယူ၍ ၂၀၂၆ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့သည်။
- ဘရိုက်တန်အသင်းက အန်ဒါလက်အသင်းဂိုးသမား ဗာဘက်ဂျန်ကို ယူရို ၁၈သန်းဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ML

# European Games စူပါဟဲဗီးဝိတ်တန်းလက်ဝှေ့ပြိုင်ပွဲတွင် ဗြိတိန်လက်ဝှေ့သမား ဒလိစီးယက်စ် ရွှေတံဆိပ်ဆုဆွတ်ခူး

**ဝါဆော ဇူလိုင် ၃**

ပိုလန်နိုင်ငံတွင် ဇွန် ၂၁ ရက်မှ ဇူလိုင် ၂ ရက်ထိ ကျင်းပခဲ့သည့် European Games ၏ လက်ဝှေ့အားကစားပြိုင်ပွဲ စူပါဟဲဗီးဝိတ်တန်းတွင် ဗြိတိန်ကိုယ်စားပြုဝင်ရောက်ထိုးသတ်ခဲ့သည့် ဒလိစီးယက်စ်က ရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဒလိစီးယက်စ်သည် ဗိုလ်လုပွဲစဉ်တွင် အဇာဘိုင်ဂျန်လက်ဝှေ့သမား အဘ်ဒူလာယက်ဖ်နှင့် ထိုးသတ်ခဲ့ရာ ဒလိစီးယက်စ်က အနိုင်ရရှိခဲ့ပြီး ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ကာ ဗြိတိန်အသင်းသည်လည်း European Games တွင် အားကစားနည်းမျိုးစုံတွင် ဆုတံဆိပ်ပေါင်းများစွာဆွတ်ခူးရရှိခဲ့ပြီး စုစုပေါင်းဆုတံဆိပ် ၄၉ ခုထိ ရရှိခဲ့သည်။

ဗြိတိန်အသင်းသည် ၂၀၁၅ ခုနှစ်က အဇာဘိုင်ဂျန်နိုင်ငံတွင် ကျင်းပခဲ့သောEuropean Games တွင် ဆုတံဆိပ် ၄၇ ခုထိ ရရှိခဲ့ပြီး စံချိန်မှတ်တမ်းတစ်ခုရရှိခဲ့ကာ ယခုနှစ်တွင် စံချိန်ဟောင်းကိုကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ဒလိစီးယက်စ်က "ဒီအောင်မြင်မှုက ကျွန်တော့်အတွက်ဘယ်လောက်ထိအဓိပ္ပါယ်ရှိသလဲဆိုတာကျွန်တော်အသိဆုံးပါ။ ဂရိတ်ဗြိတိန်အသင်းအတွက် ကိုယ်စားပြုကစားခွင့်ရခဲ့တဲ့ခံစားချက်က ဘာနဲ့မှလဲလို့မရပါဘူး။ လက်ဝှေ့အားကစားကို စတင်လေ့ကျင့်ချိန်ကတည်းက တစ်နေ့မှာ ဗြိတိန်ကိုယ်စားပြုကစားခွင့်ရရမယ်ဆိုတဲ့ ရည်မှန်းချက်ထားခဲ့တယ်။ ကျွန်တော့်အိပ်မက်တွေ တကယ်ဖြစ်လာခဲ့ပြီ။ နောက်ထပ်ဂုဏ်ယူစရာကောင်းတာက ဗြိတိန်



ကိုယ်စားပြုယှဉ်ပြိုင်ခဲ့တဲ့ ဗြိတိန်အားကစားအသင်းရဲ့ အလံကိုလဲကိုင်ဆောင်ခွင့်ရခဲ့ပါတယ်။ ဗြိတိန်ဟာ ကျွန်တော့်အိပ်မက်တွေ အကောင်အထည်ဖော်ခွင့်ရအောင် အခွင့်အရေးတွေ အများကြီးပေးခဲ့တယ်။ ကျွန်တော့်ကို အခွင့်အရေးတွေ အများကြီးပေးခဲ့တဲ့ ဗြိတိန်အတွက် ရွှေတံဆိပ်ဆုတစ်ဆုရယူပေးနိုင်ခဲ့တာဟာ ကျွန်တော့်ဘဝအတွက်တော့ တစ်သက်လုံးမေ့လို့မရတော့မဲ့ အမှတ်တရပါပဲ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ၂၀၂၃ အာဆီယံအမျိုးသမီးယူ-၁၉ ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာအမျိုးသမီးအသင်း အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ




**ရန်ကုန် ဇူလိုင် ၃**

၂၀၂၃ အာဆီယံ အမျိုးသမီးယူ-၁၉ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာယူ-၁၉အမျိုးသမီးအသင်းသည် ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာခဲ့သည့် မြန်မာယူ-၁၉အမျိုးသမီးအသင်းတွင် အသင်းအုပ်ချုပ်သူအဖြစ် ဦးတင်မြင့်အောင်၊ နည်းစနစ်အကြံပေးအဖြစ် မစ္စတာယူကီတက်ဆူယို၊ နည်းပြအဖြစ် ဒေါ်သက်သက်ဝင်း၊ လက်ထောက်နည်းပြအဖြစ် ဒေါ်စန်းစန်းမော်အပါအဝင် အဖွဲ့ဝင် ၁၀ ဦးနှင့်ကစားသမား ၂၂ ဦး စုစုပေါင်း ၃၂ ဦး လိုက်ပါခဲ့ခြင်းဖြစ်သည်။

မြန်မာယူ-၁၉ အမျိုးသမီးအသင်းသည် ၂၀၂၃ အာဆီယံ အမျိုးသမီးယူ-၁၉ ပြိုင်ပွဲ အုပ်စု (C) တွင် ထိုင်းယူ-၁၉ အမျိုးသမီးအသင်း၊ ဖိလစ်ပိုင်ယူ-၁၉ အမျိုးသမီးအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်လျက်ရှိနေပြီး အုပ်စုပွဲစဉ်များအဖြစ် ဇူလိုင် ၈ ရက် မြန်မာစံတော်ချိန် ည ၇ နာရီတွင် ဖိလစ်ပိုင်ယူ-၁၉ အမျိုးသမီးအသင်း၊ ဇူလိုင် ၁၀ ရက် မြန်မာစံတော်ချိန် ည ၇ နာရီတွင် ထိုင်းယူ-၁၉ အမျိုးသမီးအသင်းတို့နှင့် ကစားသွားရမည်ဖြစ်သည်။

၂၀၂၃ အာဆီယံ အမျိုးသမီးယူ-၁၉ပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ ပလမ်ဘန်းမြို့တွင် ဇူလိုင် ၅ ရက်မှ ၁၇ ရက်ထိကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲကို အုပ်စု သုံးခုခွဲခြားကျင်းပမည်ဖြစ်ကာ အုပ်စုသုံးခုမှ ပထမနေရာတွင် ရပ်တည်သည့် အသင်းသုံးသင်းနှင့် အကောင်းဆုံးအုပ်စုဒုတိယနေရာရရှိသည့် အသင်းတစ်သင်း စုစုပေါင်း လေးသင်းမှာ ဆီမီးဖိုင်နယ်အဆင့်တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

STA

# Rocket Mortgage Classic ချန်ပီယံဆုကို ရီကီဖောင်လာ ဆွတ်ခူး

**ဝါရှင်တန် ဇူလိုင် ၃**

အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ် ဒက်ထရိုက်တွင်ကျင်းပခဲ့သည့် Rocket Mortgage Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ရီကီဖောင်လာက ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း GT သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရီကီဖောင်လာသည် နောက်ဆုံးနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား မိုရီကာဝါ၊ ကနေဒါဂေါက်သီးရိုက်ကစားသမား ဟက်ဝင်တို့နှင့်အတူ စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၂၄ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားထိပ်တွင် ပူးတွဲရပ်တည်နိုင်ခဲ့သောကြောင့် ချန်ပီယံဆုအတွက် Play-off အဆင့်ကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာတွင် ရီကီဖောင်လာက အနိုင်ရရှိခဲ့ပြီး လေးနှစ်ကြာဆုဖလားလက်မဲ့ဖြစ်နေမှုကို အဆုံးသတ်နိုင်ခဲ့သည်။

Rocket Mortgage Classic ဂေါက်သီးရိုက်ပြိုင်ပွဲသည် အကြိတ်အနယ်ရှိခဲ့ပြီး ချန်ပီယံဆုအတွက် ပြိုင်ပွဲဝင်သုံးဦးထိ Play-off အဆင့်ကစားခဲ့ရခြင်းဖြစ်သည်။

ရီကီဖောင်လာသည် ကစားသမားဘဝတစ်လျှောက် PGA Tour တွင် ဆုဖလား ခြောက်လုံးထိရရှိခဲ့သည့် ကစားသမားအဖြစ်လည်း ရပ်တည်ခွင့်ရခဲ့သည်။

ရီကီဖောင်လာက "ကစားသမားဘဝ အောင်မြင်မှုမှတ်တမ်းထဲမှာ ဒီဆုဖလားပါဝင်လာတာကောင်းပါတယ်။ ဒီအောင်မြင်မှုအပေါ်မှာ အချိန်အကြာကြီး နစ်မြောအောင်ပွဲခံသွားမယ်။ ဒီလိုအောင်မြင်မှုကို ပြန်လည်ရယူနိုင်ဖို့ ကျွန်တော်ဖြတ်သန်းခဲ့ရတဲ့ ခရီးလမ်းကကြမ်းလွန်းပါတယ်။ မျှော်လင့်ဖို့ ခက်ခဲနေတဲ့ အရာတစ်ခုကို ငါလုပ်နိုင်ခဲ့ပြီဆိုတဲ့ ခံစားချက်က ပိုပြီးပျော်ရွှင်စေပါတယ်"ဟု ပြောကြားခဲ့သည်။

ရီကီဖောင်လာသည် လာမည့် စကော့တလန်အိုးပင်းနှင့် ဗြိတိန်အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတို့တွင် ယှဉ်ပြိုင်သွားရန်အတွက် ပြင်ဆင်နေကြောင်း သိရသည်။ AZL



# ဥရောပလိဂ်အဆင့်သတ်မှတ်ချက်တွင် ပြင်သစ်လိဂ်အနေဖြင့် အဆင့်နှစ်ဆင့်ကျဆင်းခဲ့ပြီး ဥရောပအဆင့်(၇)နေရာတွင် ရပ်တည်

**ပဲရစ် ဇူလိုင် ၃**

ဥရောပ ဘောလုံးအဖွဲ့ချုပ်က ဥရောပလိဂ်ပြိုင်ပွဲအဆင့်သတ်မှတ်ချက်များကို ထုတ်ပြန်ခဲ့ရာတွင် ပြင်သစ်လိဂ်အနေဖြင့် ဥရောပလိဂ်အဆင့်သတ်မှတ်ချက် နှစ်ဆင့်ထိကျဆင်းခဲ့ပြီး အဆင့် (၇) နေရာတွင် ရပ်တည်လျက်ရှိနေသည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဥရောပ ဘောလုံးအဖွဲ့ချုပ်၏ နောက်ဆုံးလိဂ်အဆင့်သတ်မှတ်ချက်အရ အဆင့် (၁)နေရာတွင် အင်္ဂလန်လိဂ်က ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး အစောပိုင်းက ဥရောပအဆင့်သတ်မှတ်ချက် အဆင့် (၅)နေရာတွင်ရပ်တည်ခဲ့သည့် ပြင်သစ်လိဂ်က အဆင့် (၇)နေရာသို့ ကျဆင်းခဲ့ကာ ဘယ်လ်ဂျီယံလိဂ်နှင့် နယ်သာလန်လိဂ်တို့က အဆင့်သတ်မှတ်ချက်များမြင့်တက်လာခဲ့သည်။

ဥရောပ ဘောလုံးအဖွဲ့ချုပ်က ဥရောပလိဂ်အဆင့်သတ်မှတ်ချက်များကို ဥရောပအဆင့်ပြိုင်ပွဲများဖြစ်သည့် ချန်ပီယံလိဂ်ပြိုင်ပွဲ၊ ယူရိုပါလိဂ်ပြိုင်ပွဲနှင့် ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲဝင်အသင်းများမှ နိုင်ငံကိုယ်စားပြု ကလပ်အသင်းများ၏ အောင်မြင်မှုများအပေါ် အခြေခံသတ်မှတ်ခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့် ဘောလုံးရာသီက အင်္ဂလန်ကလပ်အသင်းများနှင့် အီတလီကလပ်အသင်းများက ဥရောပပြိုင်ပွဲများ၌ အောင်မြင်မှုများရရှိခဲ့ကြသည်။

ဥရောပ ဘောလုံးအဖွဲ့ချုပ်၏ နောက်ဆုံးဥရောပအဆင့်သတ်မှတ်ချက်များအရ ထိပ်တန်းလိဂ်အဆင့်စာရင်း၌ အင်္ဂလန်လိဂ်က အဆင့် (၁)၊ အီတလီလိဂ်က အဆင့် (၂)၊ ဂျာမနီလိဂ်က အဆင့်(၃)၊ စပိန်လိဂ်က အဆင့် (၄)၊ ဘယ်လ်ဂျီယံလိဂ်က အဆင့် (၅)၊ နယ်သာလန်လိဂ်က အဆင့်(၆)၊ပြင်သစ်လိဂ်က အဆင့် (၇)၊ ပေါ်တူဂီလိဂ်က အဆင့် (၈)၊ တူရကီလိဂ်က အဆင့် (၉)နှင့် ဆွစ်ဇာလန်လိဂ်က အဆင့်(၁၀) နေရာတွင် ရပ်တည်ခဲ့ကြကြောင်း သိရသည်။

STA

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၁)တွင် ဒဂုံစတားအသင်းက ကချင်ယူနိုက်တက်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ



**ရန်ကုန် ဇူလိုင် ၃**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ် (၁၁) အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ဒဂုံစတားအသင်းနှင့် ကချင်ယူနိုက်တက်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ဒဂုံစတားအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲအပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ နှစ်သင်းစလုံးဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း တိုက်စစ်ကစားသမားများ အဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် ပထမပိုင်းတွင် နှစ်သင်းစလုံးဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းတွင်လည်း နှစ်သင်းစလုံးအနိုင်ဂိုးများအတွက် ပိုမိုတိုက်စစ်ဆင်ဖိအားပေးမှုများကြောင့် ပိုမိုအကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၇၈မိနစ်တွင် ဝေလင်းအောင်က ဒဂုံစတားအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပြီး လက်ကျန်ပွဲချိန်များတွင် ကချင်ယူနိုက်တက်အသင်းက ချေပဂိုးအတွက် ပြန်လည်ဖိအားပေးခဲ့သော်လည်း ဒဂုံစတားအသင်းက အနိုင်ရလဒ်ကို အကောင်းဆုံး ထိန်းသိမ်းကစားနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ဒဂုံစတားအသင်းက ကချင်ယူနိုက်တက်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကာ အကောင်းဆုံးကစားသမားဆုကို ဒဂုံစတားအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့သည့်ကွင်းလယ်ကစားသမား ဝေလင်းအောင်က ရရှိခဲ့သည်။

ယနေ့ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ် (၁၁)အခြားပွဲစဉ်တွင် ISPE အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး အကောင်းဆုံးကစားသမားဆုကို ISPE အသင်းတိုက်စစ်မှူး ဇာနည်က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

STA

# ဝင်ဘယ်ဒန်ပြိုင်ပွဲမှ ဒဏ်ရာပြဿနာကြောင့် ဩစတြေးလျကစားသမား နစ်ခ်ကိုင်ဂျီအို့စ်နုတ်ထွက်

**မဲလ်ဘုန်း ဇူလိုင် ၃**

ဩစတြေးလျ တင်းနစ်ကစားသမား နစ်ခ်ကိုင်ဂျီအို့စ်က ဒဏ်ရာပြဿနာကြောင့် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပနေသည့် ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ကြောင်း Irish Times သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နစ်ခ်ကိုင်ဂျီအို့စ်သည် လက်ကောက်ဝတ်ဒဏ်ရာ ရရှိခဲ့သည့်အတွက် ပြိုင်ပွဲမှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်းထုတ်ပြန်ခဲ့သည်။

နစ်ခ်ကိုင်ဂျီအို့စ်က "ဝင်ဘယ်ဒန်ပြိုင်ပွဲဝင်ဖို့ ကြီးမားတဲ့ပြင်ဆင်လေ့ကျင့်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ မာယော့ကာအိုးပင်းတင်းနစ်ပြိုင်ပွဲမှာတုန်းက ရခဲ့တဲ့ လက်ကောက်ဝတ်ဒဏ်ရာကပြန်နာလာပါတယ်။ ဒီဒဏ်ရာနဲ့ပတ်သက်ပြီး ဆေးကုသမှုခံယူစဉ်ကာလအချိန်ပေးခဲ့ရတယ်။ ဒဏ်ရာစဖြစ်တုန်းက စကန်ဖတ်ကြည့်တော့ လက်ကောက်ဝတ်အရွတ်စုတ်ပြတယ်လို့ သိရပါတယ်။ ဝင်ဘယ်ဒန်ပြိုင်ပွဲဝင်နိုင်ဖို့ ကျွန်တော် လုပ်နိုင်သမျှအရာအားလုံးကိုလုပ်ဆောင်ခဲ့ပါတယ်။ ဒါပေမဲ့ ဒဏ်ရာကပြန်နာလာလို့ စိတ်မကောင်းစွာနဲ့ ပြိုင်ပွဲကနုတ်ထွက်ဖို့ ဆုံးဖြတ်ခဲ့ရတာပါ"ဟု ပြောကြားခဲ့သည်။

နစ်ခ်ကိုင်ဂျီအို့စ်သည် ၂၀၂၂ ခုနှစ်က ဝင်ဘယ်ဒန်အိုးပင်းတင်းနစ်ပြိုင်ပွဲ၌ ဗိုလ်လုပွဲစဉ်ထိတက်ရောက်နိုင်ခဲ့ပြီး ဂျိုကိုဗစ်ကို ရှုံးနိမ့်ကာ ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရပြီး နောက် ကစားသမားဘဝသက်တမ်းတစ်လျှောက် ဝင်ဘယ်ဒန်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပထမဆုံးအကြိမ်ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ AZL

## ပညာကျန်းထော

# အပယ်ခံ

**နီဒါန်း**

တရုတ်လူမျိုး ဆယ်ကျော်သက်လူငယ်တစ်ယောက်ဟာ အခြေခံပညာအထက်တန်းအောင်တော့ အောက်စဖို့ဒ်တက္ကသိုလ် စသဖြင့် ကောင်းနိုးရာရာ သူတက်ချင်တဲ့ တက္ကသိုလ်တွေကို ဝင်ခွင့်လျှောက်တယ်။ တစ်ကျောင်းမှ ဝင်ခွင့်မရခဲ့ပါဘူး။ စိတ်ပျက်စရာပါပဲ။ သို့ပေမယ့်လည်း ဂျက်မားဆိုတဲ့ ဒီလူငယ်က လက်မလျှော့ပါဘူး။ ရဲအုပ်လောင်းသင်တန်းလျှောက်တယ်။ အရွေးမခံရပါဘူး။ သူ့မိတ်ဆွေအချို့ အရွေးခံရတဲ့ထဲပါသွားတယ်။ ဒါပေမဲ့ သူ စိတ်မပျက်ပါဘူး။ အမေရိကန်စားသောက်ဆိုင် ကေအက်ဖ်စီကြက်ကြော်ဆိုင်တွေ တရုတ်ပြည်မှာလာပြီး အမြို့မြို့မှာဖွင့်လာတယ်။ အလုပ်လိုချင်သူတွေ ၂၄ ယောက်လျှောက်တယ်။ ၂၃ ယောက် ရွေးချယ်ခေါ်ယူပြီး ခန့်လိုက်တယ်။ တစ်ယောက်ကိုတော့ မခန့်ဘူး။ ပယ်လိုက်ပါတယ်။ အပယ်ခံရသူဟာ ဂျက်မား။

**ဂျက်မား**




နိုင်ငံခြားတက္ကသိုလ်တွေကသာ သူ့ကိုပယ်ချခဲ့တာမဟုတ်ဘူး။ တရုတ်ပြည်က မြို့ကြီးပြကြီးများမှာရှိကြတဲ့နာမည်ကြီး၊ နာမည်ကောင်း တက္ကသိုလ်များကလည်း သူ့ရဲ့တက္ကသိုလ်ဝင်ခွင့်ကို ငြင်းပယ်ခဲ့ကြပါတယ်။ နောက်ဆုံးတော့ ဆရာအတတ်သင်ကောလိပ်တစ်ခုမှာ သူတက်ခွင့်ရခဲ့တယ်။ ဘွဲ့တစ်ခုရတော့ ကျောင်းဆရာအလုပ်ကို လေးနှစ်၊ ငါးနှစ် လုပ်ခဲ့တယ်။ အင်္ဂလိပ်စာပြတဲ့ ကျောင်းဆရာဘဝမှာ တပည့်တွေကို စာသင်ပေးရင်းနဲ့ သူ့ရဲ့အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုကို ပိုမိုပြီး ကောင်းမွန်တိုးတက်အောင် လေ့ကျင့်ခွင့်ရခဲ့သလိုမျိုး အခွင့်ကောင်းရတယ် ဆိုနိုင်ပါတယ်။

တိုတိုပြောရရင် ဂျက်မားဟာ ကျောင်းဆရာဘဝကနေထွက်၊ အမေရိကားသွား။ ဟိုမှာစတွေ့ရတဲ့ ကွန်ပျူတာဆိုတဲ့အရာကို စိတ်ဝင်စားပြီး ကြိုးကြိုးစားစား သင်ယူတယ်။ ပြီးတော့ တရုတ်ပြည်ပြန်လာပြီး ကွန်ပျူတာနဲ့ဆိုင်တဲ့ အရောင်းအဝယ်စီးပွားရေးလုပ်ဖို့ သူ့သူငယ်ချင်းတစ်စုနဲ့ ကုမ္ပဏီလေးတစ်ခုထူထောင်တယ်။ တိုတိုပြောရရင် အခက်အခဲ၊ အလွဲအချော်၊ အကျပ်အတည်း ပြဿနာမျိုးစုံကို ဖြတ်သန်းရင်ဆိုင်ပြီး ဂျက်မားဆိုတဲ့လူဟာ ကမ္ဘာ့အချမ်းသာဆုံး သန်းကြွယ်သူဌေး ၁၀၀ အမည်စာရင်းထဲဝင်တဲ့ထိ ကြီးပွားအောင်မြင် ကြွယ်ဝသွားခဲ့ပါတယ်။ **"အလီဘာဘာ ကုမ္ပဏီ"**တဲ့။

မိဘနှစ်ပါးက သာမန်ဆင်းရဲသားဘဝ၊ သာမန်တောမြို့လေးမှာ မွေးဖွားလာခဲ့သူ ကလေးငယ်ပါ။ အနှစ် ၃၀ ကာလအတွင်း တရုတ်ပြည်ကြီး ရထားလမ်းတွေ၊ မြို့ပြအိမ်ခြေတိုက်တာ၊ ကုန်သွယ်စီးပွားရေး၊ ကုန်ထုတ်လုပ်မှုနဲ့ နည်းပညာတွေပြောင်းလဲဖွံ့ဖြိုးသွားခဲ့သလို ဂျက်မားဆိုတဲ့လူငယ်တစ်ဦးဟာလည်း အနှိမ်ခံ အပယ်ခံဘဝမှ ဇွဲရှိရှိ၊ ယုံကြည်ချက်ရှိရှိနဲ့ မိမိကိုယ်ကို အားကိုးကြိုးစား ထိုးဖောက်ကြီးပွားခဲ့ပုံ။ မယုံနိုင်လောက်စရာ ပုံပြင်ဒဏ္ဍာရီပမာပဲနော်။

**ရေမွန်ဒါလီယို**

အမေရိကန်နိုင်ငံ၊ ဥရောပ အစရှိတဲ့ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ ဆင်းရဲသားဘဝမှ ချမ်းသာကြွယ်ဝလာ



သူတွေ နမူနာပြစရာအများကြီးပါ။ ငယ်ငယ်က ဂေါက်ကွင်းမှာ ဂေါက်သီးအိတ်ထမ်းခဲ့ရတဲ့ ဆယ်ကျော်သက်ကောင်လေးတစ်ယောက်ဟာ ရေမွန်ဒါလီယိုတဲ့။ ရေမွန်ဒါလီယိုဆိုတဲ့ ၁၂၄ ဘီလီယံ ပိုင်ဆိုင်တဲ့ စီးပွားရေးလုပ်ငန်းရှင် သူဌေးကြီးတစ်ဦး ဖြစ်နေတဲ့အပြင် စီးပွားရေးရေစီးကြောင်းကြီးရဲ့ သဘောသဘာဝကို သုံးသပ်ရေးသားတဲ့ သူ့စာအုပ် သုံးအုပ်ဟာလည်း နိုင်ငံတကာအဆင့် ရောင်းအားအကောင်းဆုံး စာအုပ်တွေအဖြစ် အောင်မြင်ကျော်ကြားနေဆဲပါပဲ။

(၁) Principles
(၂) The Changing World Order
(၃) Principles of Success

ရေဒီယို၊ ရုပ်မြင်သံကြား၊ ဆိုရှယ်မီဒီယာ လိုင်းပေါင်းများစွာ သတင်းဌာနတွေမှာလည်း ဟောပြောချက်တွေ၊ ဆွေးနွေးခန်း၊ မေးမြန်းခန်းတွေ၊ သူ့အကြောင်းတွေ့မြင်နေကြမှာဖြစ်ပါတယ်။ အမေရိကန်မှာသာမက တရုတ်နိုင်ငံမှာလည်း သူက ရင်းနှီးမြှုပ်နှံထားတာတွေ အများကြီးပဲရှိနေတယ်။

နိမ့်ကျတယ်ဆိုတာလည်း မမြဲဘူး။
ဆင်းရဲတယ်ဆိုတာလည်း ပြောင်းလဲနိုင်တယ်။
အနှိမ်ခံရတယ်ဆိုတာလည်း ယာယီပါပဲ။
အပယ်ခံဖြစ်ရင်လည်း ခဏပါပဲ။

မိမိကိုယ်တိုင်ကတော့ သတ္တိရှိဖို့ လိုတာပေါ့။ ငါလဲမကျဘူး။ လဲရင်လည်း ပြန်ထမယ်။ **"၁၀ ခါလဲကျပါစေဦး၊ ၁၁ ခါ ပြန်ထရပ်မယ်ကွ"**ဆိုတဲ့ ဇွဲသတ္တိမျိုးရှိမှ အောင်မြင်မှုကိုရတတ်တယ်။ အောင်မြင်ချင်ရင် သတ္တိမွေးရ။

အနင်းခံရတဲ့စပါး ပိုသန်မာပိုထွားသတဲ့။

သတ္တိနဲ့ဇွဲက ဘယ်ကရမှာလဲ။ ပြင်ပမှဘယ်သူဘယ်ဝါကမှ မပေးနိုင်ပါဘူး။ မိမိကိုယ်တိုင်သာပဲ အားပေးရ၊ အားတင်းရတာဖြစ်ပါတယ်။ စိတ်မပျက်လေနဲ့ ၊ စိတ်မလျှော့လေနဲ့။ စိတ်ကို သတိရှိရှိ ပြန်လည်ထူမတ်နိုင်ပါစေ။ မိမိကိုယ်သာ အားကိုးရာ။

စိတ်ပျိုတော့ကိုယ်နုသတဲ့။ စိတ်ထောင်းရင် ကိုယ်ကြေသတဲ့။ စိတ်ထားတတ်ရင် မြတ်တာပဲ။ စိတ်နေသဘောထား ကောင်းမွန်စွာထားတတ်ရင် မိမိအတွက် ကောင်းကျိုးမင်္ဂလာ အဖြာဖြာတွေ ရောက်လာစေပါတယ်။ ဟုတ်ပြီနော။

**ဆန်းကြယ်သော**

"စိတ်သာရှင်စော ဘုရားဟော"တဲ့။ ကြားဖူးကြပြီးသား စကားပါ။ မြန်မာဆိုရိုးစကားတစ်ခုပါ။

"စိတ္တေန နိယျတေ လောကော"

**"စိတ်ဟာ လောကကို ဆွဲဆောင်တယ်"**

သတ္တဝါအားလုံးဟာ စိတ်ရဲ့ဆွဲဆောင်ရာသို့ ပါကြရတယ်။ ဟုတ်ရဲ့လား။ ကိုယ်တိုင်မြင်အောင် သေသေချာချာ ကြည့်လိုက်ပါ။

တကယ်တမ်း စိတ်ဆိုတာ တော်တော်အရေးကြီးတယ်ဆိုတာကို အချို့လူတွေက မသိကြပါဘူး။ အတိအကျပြောရမယ်ဆိုရင် စိတ်က အဓိကအရေးအကြီးဆုံးသော့ချက်ပါပဲ။ စိတ်ဆိုတာဟာ အစွမ်းသတ္တိကြီးမားလွန်းလို့ပါ။

ပညတ်သွားရာ ဓာတ်သက်ပါတဲ့။

မူရင်းစိတ်ဆိုတာ ပါဠိဝေါဟာရ စိတ္တရံမှ သက်ဆင်းပြောင်းလဲလာတဲ့ စကားလုံးဖြစ်ပါတယ်။

စိတ္တရံရဲ့ အနက်အဓိပ္ပာယ်က ဘာလဲသိလား။

**စိတ္တရံ = ဆန်းကြယ်တယ်တဲ့။** စိတ်က။

အလွန့်အလွန် အံ့ဩစရာကောင်းအောင်ကိုပဲ ထူးခြားဆန်းကြယ်လို့ စိတ္တ၊ စိတ္တရံ။

ဥပမာ- ဘယ်လိုဆန်းကြယ်သလဲ။

**စိတ်ကိုနိမ့်ချရင် နိမ့်ကျသွားပါရော။**

**စိတ်ကိုမြင့်ထားရင်တော့ မြင့်မားသွားပါလေရော။**

အဲသလို ဆန်းကြယ်တဲ့သဘောရှိတဲ့စိတ်ကို ဖြူစင်ဝင်းလက် အရောင်တက်အောင်၊ စွမ်းအင်တန်ခိုးတွေ ပိုပိုတက်အောင် ကောင်းတဲ့စိတ်၊ ကောင်းတဲ့အတွေးအခေါ်၊ ကောင်းတဲ့အပြုအမူများနဲ့ အဖန်ဖန်အထပ်ထပ်လေ့ကျင့် (မိမိကိုယ်တိုင်) ထိန်းကျောင်းလေ့ကျင့်ပေးရပါမယ်။ ရပါတယ်။ စိတ်ကိုနိုင်ရင် လောကကိုနိုင်တာပါပဲ။ ကုသိုလ်ကို အဖော်ပြုပါ။

ဒီနေရာမှာတော့ အပယ်ခံ အနှိမ်ခံဘဝမှ သတ္တိမွေးပြီး ရုန်းထအောင်မြင်ခဲ့ကြသူ သုံးဦးကို ထပ်မံပြီး နမူနာသာဓက သက်သေဖော်ပြပါရစေ။

**သက်သေသာဓက**

ပထမလူက ဆယ်ကျော်သက်ဘဝလောက် ကတည်းက ကလေးဇာတ်အဖွဲ့မှာ ကလေးမင်းသမီးအဖြစ်ကပြခဲ့ရတဲ့ သဘင်သည်မိန်းကလေးတစ်ယောက်။ ဇာတ်အဖွဲ့အမျိုးမျိုးမှာ ကူးပြောင်းကပြခဲ့ရတယ်။ နာမည်လည်း အမျိုးမျိုးပေါ့ကွယ်။ အောက်ချင်းမ။ မာလာရီ စသဖြင့်။ လွတ်လပ်ရေးရစ ၁၉၅၀ ကာလ တစ်ဝိုက်မှာတော့ ဇာတ်မင်းသမီးလေး မာလာရီဟာ ရန်ကုန်ပြဇာတ်ခုံပေါ် ပြဇာတ်မင်းသမီးအဖြစ် ရောက်လာပါတယ်။ နာမည်ကို သူ့ရှေ့ကမင်းသမီးတွေနဲ့ ခပ်ဆင်ဆင် **ကြည်ကြည်ဌေး** လို့အမည်ရွေးပေးလိုက်ပါသတဲ့။ ရှေ့မှာ ခင်ခင်ရီ၊ တင်တင်မူ၊ မြင့်မြင့်ဌေး ဆိုတဲ့ အမည်မျိုး ဇာတ်ဆရာက ကြည်ကြည်ဌေးလို့ ခေါ်စေပါတယ်။

တင်တင်မူ (မုဒုံမယ်)၊ မြင့်မြင့်ဌေးတို့လို ခန္ဓာကိုယ်အချိုးအဆစ် လှလှပပ မဟုတ်ရှာပါ။ ပိန်ပိန်ပါးပါး ကိုယ်လုံးမျိုးမဟုတ်လား။ ဇာတ်ထဲမှာ မျက်နှာသာမရရှာပါ။ ပြဇာတ်ထဲမှာ အလှအပဖော်ပြခွင့်ရတဲ့ ဇာတ်ရုပ်မျိုးမှာ မကရပါ။ သူများမနေချင်တဲ့ တောသူမ၊ ပေါတောတော၊ အပြည့်ခံ အနှိမ်ခံနေရာမျိုးသာ ပါဝင်ရတယ်။ ကြည်ကြည်ဌေးက ကျရာနေရာမှာ အကောင်းဆုံး ထူးထူးခြားခြား ကြိုးစားကပြတယ်။ အဆိုလည်း ကောင်း၊ အကလည်း ရတယ်။ သရုပ်ဆောင်လည်း ထူးချွန်တော့ ပြဇာတ်ခုံပေါ်မှ ရုပ်ရှင်လောကမှာ ထိတ်ထိတ်ကြဲ ရုပ်ရှင်မင်းသမီးဘဝ အောင်မြင်ခဲ့တာ စာဖတ်သူများ သိပြီးသားဖြစ်ပါလိမ့်မယ်။ ဆရာမ ဂျာနယ်ကျော်မမလေးရေးတဲ့ **"မာလာရီ"** ဆိုတဲ့ အတ္ထုပ္ပတ္တိဝတ္ထုဟာ ကြည်ကြည်ဌေးရဲ့ တကယ့်ဘဝပါပဲ။ (အကြိမ်ကြိမ် ထပ်မံပုံနှိပ်နေရတဲ့စာအုပ်)။ ကြည်ကြည်ဌေး ဘယ်လောက်ထူးချွန်သလဲဆိုတာ အကယ်ဒမီဆု အကြိမ်ကြိမ်ချီးမြှင့်ခံရတာက သက်သေပါပဲ။

ဒါရိုက်တာတော့ မမှတ်မိဘူး။ မင်းသားချော မြင့်အောင်နဲ့ ဖိုးပါကြီးတို့ပါဝင်ကြတဲ့ "ချစ်ခဲ့တာ အမှန်ပါပဲ" ဆိုတဲ့ဇာတ်ကားကို ကြည့်ခဲ့ရဖူးတယ်။ မင်းသမီးက ကြည်ကြည်ဌေးပဲ။ (အတ္ထုပ္ပတ္တိ အရေးခံရတဲ့ မင်းသမီးနော်)။

**ဥဒမ္ဗရဘဝ**

မဟော်သဓာဇာတ်တော်ထဲမှာ ဒိသာပါမောက္ခ ဆရာကြီးက သူ့သမီးချောကို တက္ကသိုလ်မှပညာသင်ပြီး ပြည်တော်ပြန်ကြသူထဲက သူ့သဘောကျသူ ပိင်္ဂုတ္တရလုလင်ဆိုသူနဲ့ လက်ထပ်ထိမ်းမြားပြီး ထည့်ပေးလိုက်တယ်။ ဘုန်းကံသမ္ဘာချင်းမတူလို့ ဒီအမျိုးသားက ဆရာကြီးသမီးအနားကပ်တာနဲ့ ယားယံတော့တာပဲ။ ဒါနဲ့ ဇနီးအသစ်စက်စက်ကို တောလမ်းတစ်နေရာက ရေသဖန်းပင်ပေါ် အသီးတက်ခူးစမ်းစေခိုင်းပြီး ထိုအပင်ပတ်လည်မှာ ဆူးပင်ဆူးခက်တွေ ဝိုင်းရံချထားပြီး "သင်နဲ့ငါနဲ့ ဖူးစာကံမပါဘူး"နေရစ်ခဲ့ပေတော့လို့ ပစ်ထားရစ်ခဲ့တာလေ။ သူက ဖိုးပါကြီး။ မင်းသားမြင့်အောင်က ဝိဒေဟရာဇ်ဘုရင်။ တိုင်းခန်းလှည့်လည်ရင်း ဒီမိန်းမပျိုကို သစ်ပင်ထက်မှာ ဆင်းလို့မရ၊ ဒုက္ခရောက်နေတာ တွေ့မြင်၊ အကျိုးအကြောင်းမေး။ ဒိသာပါမောက္ခကြီးရဲ့သမီး၊ ပညာရှိလူကြီးလူကောင်းမျိုးရိုးပဲ။ အဆင်းအင်္ဂါ ကြန်အင်လက္ခဏာ မိန်းမမြတ်ပီသတယ်ဆိုပြီး တောင်ညာစံမိဖုရားအရာထားကာ မြှောက်စားတော်မူတယ်။

ပိင်္ဂုတ္တရလုလင် စွန့်ပစ်ခံရပြီး ဘုရင်နဲ့ညားခဲ့သူ ဥဒုမ္ဗရဒေဝီဇာတ်ကြောင်းဟာ ဘုန်းကံချင်းမတူကြရင် ခင်ပွန်းဇနီးအဖြစ် ဘဝနှစ်ခုပေါင်းစည်းလို့မရဘူးဆိုတဲ့ဥပမာကိုဇာတ်ကြောင်းနဲ့ဟောကြားခဲ့တဲ့ တရားနော်။ ဘုရားလောင်း မဟော်သဓာကို သားသမီးရင်းပမာစောင့်ရှောက်ကာကွယ်ပေးခဲ့တဲ့ ကျေးဇူးရှင်မိဖုရားခေါင်ကြီးပေါ့။ မဟော်သဓာဇာတ်တော်မှာပါတယ်။

**ကေသာဝါမြေ**



နောက်ဆုံးတစ်ခုပြောပြချင်သေးတယ်။ ရုပ်ရှင်ကုမ္ပဏီတစ်ခုက ဗိုလ်ကလေးတင့်အောင်နဲ့ သူ့ရဲ့ညီ ဂီတလုလင်မောင်ကိုကိုတို့တီးဝိုင်းကို ရုပ်ရှင်နောက်ခံတေးသီချင်းတစ်ပုဒ်ရေးပေးဖို့၊ တီးပေးဖို့တောင်းတယ်။ အကြောင်းအရာက မိန်းမပျိုလေးအုပ်စုတစ်စု အပျော်ခရီးထွက်လာကြတာ၊ ပုပ္ပားတောင်တစ်ဝိုက်၊ ပျော်ပျော်ရွှင်ရွှင်ပန်းတွေခူးကြ၊ ရယ်မောကြ၊ ပတ်ဝန်းကျင်ရှုခင်းအလှတွေပြရင်း နောက်ခံသီချင်းကလည်း မြူးမြူးကြွကြွလေး ပို့ပေးရမယ်ပေါ့။

ရေးတယ်၊ ဆိုတယ်၊ တီးတယ်။ သို့ပေမယ့် ရုပ်ရှင်ဒါရိုက်တာက ဒါကိုမကြိုက်ဘူးတဲ့။ ပယ်တယ်။(ပိုက်ဆံတော ပေးသလား၊ မပေးသလားတော့ မမေးမိပါ) အခြားသီချင်းတစ်ပုဒ်အသစ်လုပ်ပြီး ထည့်သုံးသွားတယ်။ အပယ်ခံသီချင်းဖြစ်ရှာရော။

တေးရေးဗိုလ်ကလေးတင့်အောင်၊ တီးဝိုင်း ဂီတလုလင်မောင်ကိုကို တူရိယာအဖွဲ့၊ သီဆိုသူ ရီရီသန့်။ ရုပ်ရှင်ကုမ္ပဏီက အလုပ်အပ်ပြီးခါမှ မသုံးတော့ဘူးတဲ့။ မကြိုက်ဘူးတဲ့။ ကဲဗျာ အနုပညာသမားဆိုတာ ငွေကြေးရတာ၊ မရတာထက် ကိုယ်ဖန်တီးတဲ့အနုပညာကို **အပယ်** ခံရတော့ ရင်နာတာပေါ့။

လွှင့်ပစ်ရလောက်အောင် ဘာအပြစ်မှမရှိဘူးလေ။ ဒါရိုက်တာမကြိုက်လို့၊ ကုမ္ပဏီက မထည့်ဘူးဆိုတဲ့ ထိုသီချင်းဟာ **"ကေသာဝါမြေ"**ပေါ့။ ရီရီသန့်မှုလက ဆိုခဲ့တာ။ မေရွှက်ဝါ၊ ကျောက်ပန်းတောင်း ခင်စိုးဦး အစရှိသဖြင့် ကက်ဆက်ခွေ၊ စီဒီအချပ်၊ ကာရာအိုကေ အနယ်နယ်အရပ်ရပ်မှာ နှစ်ပေါင်း ၂၅ နှစ်၊ နှစ် ၃၀ ကြာတဲ့တိုင် အောင်မြင်ကျော်ကြားဆဲ။ ဂီတချစ်သူတွေက နှစ်သက်နေဆဲမဟုတ်ပါလား။

**နိဂုံး**

ရုပ်ရှင်ကုမ္ပဏီ၊ ဇာတ်ကားအမည်၊ ဒါရိုက်တာအမည်တို့ကို မဖော်ပြတော့ပါ။ ပိင်္ဂုတ္တရလုလင်လိုလူတွေဟာ မိဖုရားအရည်အသွေး ဘုန်းကံရှိတဲ့ဥဒုမ္ဗရဒေဝီကို တောထဲချုံထဲ ဆူးပင်ဝိုင်းရံထားရစ်တာ "အပယ်ခံ"အဖြစ် စွန့်ပစ်သွားတတ်တယ်။

စွန့်ပစ်ခံရလို့ အပယ်ခံဘဝရောက်လို့များ အားမငယ်လေနဲ့နော်။ သူ့ဘုန်း သူ့ကံရှိသူအဖို့ လောကဓံတရားသဘောကို နားလည်သဘောပေါက်ထားရပါမယ်။ အကြောင်းကံ ကမ္မသကာ။

# Mister & Miss & Mrs City Winner ရွေးချယ်ပွဲကျင်းပ




**ရန်ကုန် ဇူလိုင် ၃**

Mahar Myanmar Beauty Pageant & Miracle Myanmar Model Agency တို့မှ ကြီးမှူးကျင်းပသည့် Mister & Miss & Mrs City Winner ရွေးချယ်ပွဲကို ဇူလိုင် ၂ ရက်က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း Mahar Myanmar Beauty Pageant & Miracle Myanmar Model Agency Founder ဦးဝေလွှံဝိုင်းက ပြောပြ၍ သိရသည်။

အဆိုပါပြိုင်ပွဲအတွက် Facebook Page မှ ပြိုင်ပွဲဝင်များကို တရားဝင်လျှောက်လွှာခေါ်ယူခဲ့ရာ ၁၀၄ ဦး ပါဝင်ခဲ့ပြီး ပထမအဆင့် ဦးရေ ၈၀ ကို Online Interview ရွေးခဲ့ကြောင်း၊ ပထမအဆင့် ဦးရေ ၈၀ မှ ပြိုင်ပွဲဝင် Mister ခြောက်ဦး၊ Miss ကိုးဦး၊ Mrs. ကိုးဦး စုစုပေါင်း ၂၄ ဦးကို ရွေးချယ်ခဲ့ကာ Grand Final ပြိုင်ပွဲကို လာမည့်ဩဂုတ်လကုန်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ဇူလိုင် ၂ ရက်က Mister & Miss & Mrs City Winner ရွေးချယ်ပွဲအနေနဲ့ ပြုလုပ်တာဖြစ်ပါတယ်။ ကျွန်တော်တို့ပွဲအနေနဲ့ အပျို၊ လူပျိုတွေသာမက အိမ်ထောင်ရှင်အလှမယ်၊ ကလေးသူငယ်တွေကအစ ဝင်ရောက်ယှဉ်ပြိုင်ကြတာဖြစ်ပါတယ်။ အိမ်ထောင်ရှင်အလှမယ်တွေကို ဘာလို့ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပေးထားလဲဆိုတော့ အိမ်ထောင်ကျသွားချိန် အိမ်ထောင့်တာဝန်တစ်ခုထဲမဟုတ်ဘဲနဲ့ အပျိုတွေနဲ့တန်းတူလုပနိုင်စွမ်းရှိတယ်။ လုပ်ကိုင်နိုင်စွမ်းရှိတယ်ဆိုတာကို ထုတ်ဖော်ပြသခွင့်အခွင့်အရေးပေးထားပါတယ်"ဟု ဦးဝေလွှံဝိုင်းက ပြောပြသည်။

အဆိုပါပြိုင်ပွဲမှ Winner Crown ရရှိသူများအနေဖြင့် Mahar Myanmar Beauty Pageant & Miracle Myanmar Model Agency Organization နှင့်လက်တွဲပြီး အနုပညာကြေးဖြင့် ဇာတ်လမ်းတိုရိုက်ကူးခွင့်၊ Mahar Myanmar Beauty Pageant & Miracle Myanmar Model Agency Organization ၏ မိတ်ဖက်ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များ၏ ကြော်ငြာများ ရိုက်ကူးခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

ASH

# Spawn ကို ပုံစံသစ်ဖြင့် ရိုက်ကူးမည်

**နယူးယောက် ဇူလိုင် ၃**

Blumhouse ရုပ်ရှင်ကုမ္ပဏီအနေဖြင့် Spawn ဇာတ်ကားကို ပုံစံသစ်ဖြင့် ထပ်မံရိုက်ကူးထုတ်လုပ်မည်ဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၂ ရက်တွင် ရေးသားတင်ပြထားသည်။

လက်ရှိတွင် Spawn ဇာတ်ကားရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းအတွက် ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း Blumhouse ရုပ်ရှင်ကုမ္ပဏီအမှုဆောင်အရာရှိချုပ် ဂျေဆင်ဘလမ်းက ပြောကြားထားသည်။

ထို့ပြင် အဆိုပါဇာတ်ကားကို ၂၀၂၅ ခုနှစ်တွင် ရုံတင်ပြသရန်လည်း Blumhouse ရုပ်ရှင်ကုမ္ပဏီက ရည်ရွယ်ထားကြောင်း၊ Spawn(1997) ဇာတ်ကားသည် ရုပ်ပြကာတွန်းဇာတ်ကောင်အခြေခံ စူပါဟီးရိုးဇာတ်ကားဖြစ်ပြီး ၁၉၉၈ ခုနှစ်တွင် နောက်ဆက်တွဲဇာတ်ကား Spawn-2 ကို ထပ်မံရိုက်ကူးထုတ်လုပ်ခဲ့သည်။

Blumhouse ၏ Spawn ဇာတ်ကားတွင် အဓိကဇာတ်ကောင်အဖြစ် မင်းသား ဂျေမီဖော့က်ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

လက်ရှိတွင် Spawn ဇာတ်ကားအတွက် ဒါရိုက်တာကို Blumhouse က ရွေးချယ်ရသေးခြင်းမရှိကြောင်း သိရသည်။

KKO



# မိုက်ကြေးကိုအလိုက်ပေးဆပ်မယ် ဇာတ်ကား ဇူလိုင်လအတွင်း SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်ဖြစ်




**ရန်ကုန် ဇူလိုင် ၃**

မိုက်ကြေးကို အလိုက်ပေးဆပ်မယ် ဇာတ်ကား ဇူလိုင်လအတွင်း Sky Net ရုပ်သံလိုင်း SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်ကားကို စီစဉ်ထုတ်လုပ်သူ သရုပ်ဆောင် နေထူးနိုင်က ပြောပြ၍ သိရသည်။

မိုက်ကြေးကို အလိုက်ပေးဆပ်မယ် ဇာတ်ကားသည် တစ်ပိုင်းတည်းအပြီးဇာတ်ကားဖြစ်ပြီး ကြယ်တံခွန် Entertainment YouTube Channel မှလည်း ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားလေးကိုတော့ ကျွန်တော်ရဲ့ကိုယ်ပိုင် YouTube Channel ဖြစ်တဲ့ ကြယ်တံခွန် Entertainment YouTube Channel ကနေ ဇူလိုင်လအတွင်းမှာ အခမဲ့ထုတ်လွှင့်သွားမှာဖြစ်ပါတယ်။ ဒါ့ပြင် Sky Net ရုပ်သံလိုင်း SKY PREMIER HD ကလဲ ဇူလိုင်လအတွင်းမှာ ထုတ်လွှင့်သွားမှာပါ။ ဒီဇာတ်ကားမှာတော့ လူမိုက်တစ်ယောက်ရဲ့နောင်တနဲ့ ပြုပြင်လိုစိတ်လေးကို ရိုက်ပြထားပါတယ်"ဟု သရုပ်ဆောင် နေထူးနိုင်က ပြောပြသည်။

အဆိုပါဇာတ်ကား၏ ဇာတ်လမ်းဇာတ်ညွှန်းနှင့် ဒါရိုက်တာမှာ ဒါရိုက်တာ ဇော်ထွန်းဖြစ်ပြီး သရုပ်ဆောင် နေထူးနိုင်၊ မိုးစက်၊ ရဝိန်၊ ဆုရတီ၊ မင်းဇော်လေး၊ ရန်လင်းအောင်၊ တင့်နိုင်ဝင်း၊ ထက်နိုင်ဦး၊ အောင်ကျော်မိုး စသည့်အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# တာအော်မီနာ နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ အားပေးခဲ့သည့် ပရိသတ်များကို အမ်းဘားဟတ့်က ကျေးဇူးတင်စကားပြော

**နယူးယောက် ဇူလိုင် ၃**

အီတလီနိုင်ငံ၌ ကျင်းပခဲ့သော တာအော်မီနာ နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ အားပေးခဲ့ကြသည့် ပရိသတ်များကို ဟောလိဝုဒ်မင်းသမီး အမ်းဘားဟတ့်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၂ ရက်တွင် ရေးသားတင်ပြထားသည်။


တာအော်မီနာ နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ ရရှိခဲ့သောပရိသတ်များ၏ အားပေးမှုအတွက် မိမိပီတိဖြစ်ရကြောင်း မင်းသမီး အမ်းဘားဟတ့်က ၎င်း၏အင်စတာဂရမ်စာမျက်နှာ၌ ရေးသားထားသည်။

အမ်းဘားဟတ့်သည် ခင်ပွန်းဟောင်း မင်းသား ဂျွန်နီဒပ်နှင့် ဖြစ်ပွားခဲ့သော အသရေဖျက်မှုတွင် အမှုရှုံးခဲ့ရပြီးနောက် တစ်နှစ်ကြာမျှ သိုသိုသိပ်သိပ်နေခဲ့သည်။

သို့ရာတွင် မင်းသမီး အမ်းဘားဟတ့်သည် အီတလီနိုင်ငံ၌ ပြီးခဲ့သည့် သီတင်းပတ်အတွင်းက ကျင်းပခဲ့သော တာအော်မီနာရုပ်ရှင်ပွဲတော်သို့ ကိုယ်တိုင်တက်ရောက်ခဲ့သည်။

အဆိုပါ ရုပ်ရှင်ပွဲတော်တွင် အမ်းဘားဟတ့် ပါဝင်သရုပ်ဆောင်ထားသည့် In the Fire ထိတ်လန့်သည်းဖိုဇာတ်ကားကို ပွဲဦးထွက်ပြသခဲ့ကြောင်း၊ အဆိုပါဇာတ်ကားတွင် မကောင်းဆိုးဝါးအပူးခံထားရသူအဖြစ် စွပ်စွဲခံထားရသော ကလေးတစ်ဦးကို ကုသပေးရမည့် စိတ်ပညာရှင်တစ်ဦးအဖြစ် သရုပ်ဆောင်ထားကြောင်း သိရသည်။

KKO



# သက်ကြီးလူ့ရှင်တော်ကြီးများကန်တော့ပွဲကို ဇူလိုင် ၇ ရက်တွင် ကျင်းပသွားမည်

**ရန်ကုန် ဇူလိုင် ၃**

(၁၃) ကြိမ်မြောက် သက်ကြီးလူ့ရှင်တော်ကြီးများအား ကန်တော့ပွဲကို ဇူလိုင် ၇ ရက်တွင် နေပြည်တော်ရှိ Myanmar International Convention Center-2 (MCCI-II) တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံးမှ သိရသည်။

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က အသက် ၆၅ နှစ်အထက် သက်ကြီးလူ့ရှင်တော် ၁၂၇ ဦးကို ကန်တော့ခဲ့ကြပြီး ယခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကန်တော့သွားမည်ဖြစ်သည့်အတွက် စုစုပေါင်း ကန်တော့ခံမည့်ဦးရေ ၁၆၀ ခန့် ရှိမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီပွဲလေးကို လုပ်ဖြစ်တာ (၁၃) ကြိမ်မြောက်ရှိပါပြီ။ နှစ်တိုင်းလုပ်ဖြစ်ပါတယ်။ ဒီနှစ်က မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြစ်သွားတော့ ပိုများသွားတယ်။ အရင်ကတော့ ရန်ကုန်တိုင်းဒေသကြီးကနေပဲ လုပ်နေတာပါ။ လူ့ရှင်တော်ကြီးတွေကို ကန်တော့ခံစာရင်းယူရာမှာလဲ ရုပ်ရှင်၊ ဇာတ်၊ အငြိမ့်၊ ဆိုင်း၊ ရုပ်သေးအလွှာအားလုံးက ဟာသပညာရှင်ကြီးတွေ မကျန်အောင် စာရင်းကောက်ယူထားပါတယ်"ဟု မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံး ဥက္ကဋ္ဌ ဦးဒိန်းဒေါင်က ပြောပြသည်။

အဆိုပါကန်တော့ပွဲသို့ တက်ရောက်၍ ကန်တော့ခံမည့် လူ့ရှင်တော်ကြီးများအပြင် ကျန်းမာရေးကြောင့် အိပ်ရာထဲလဲနေသည့် သက်ကြီးလူ့ရှင်တော်ကြီးများကိုလည်း သက်ဆိုင်ရာတာဝန်ခံများဖြင့် သွားရောက်ကန်တော့နိုင်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် တစ်နိုင်ငံလုံး၌ မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံးအဖွဲ့ဝင် ၁၀၀၀ ကျော်ရှိကြောင်း သိရသည်။

ASH

# Chairman of State Administration Council Prime Minister of Government of Republic of Union of Myanmar Senior General Min Aung Hlaing sends 2023 Myanmar Women's Day address (3 July, 2023)


Senior General Min Aung Hlaing praises Myanmar women of the successive periods for their outstanding performances.

**Mingalarbar everyone,**

I wish all distinguished guests at this 2023 Myanmar Women's Day ceremony health and happiness and auspiciousness.

Today, the 3rd of July 2023, is a significant day for all Myanmar women in the length and breadth of the country. It is also the Day on which outstanding women are honoured. In this regard, I would like to heartily honour all the Myanmar women.

The State proclaimed the 3rd of July, on which Myanmar National Committee on Women-MNCW was established, as the Myanmar Women's Day. In honour of the outstanding performance of Myanmar women and their admirable attributes, the country has been celebrating the Myanmar Women's Day ceremony since 1998.

It is common knowledge that from the olden days till now, Myanmar women are enjoying equal rights as their male counterparts as per the international norms. Myanmar women are independently and actively playing their respective roles in protecting and promoting interest of the families, communities, country and people all along the successive periods on equal terms with men.

Many heroines came forward and took part in the independence struggle together with men throughout the colonial era. Nowadays, inspirable and honorable women, outstanding in economic, knowledge, technological, art fields, are also emerging in large numbers.

Ever rising role of women can be found everywhere from household chores, the most basic part of a woman's duty, to multiple sectors and areas. Female soldiers and police members who are brilliantly serving the national interest together with men as equals in national defence and security sectors can be found throughout the successive periods.

The State has formed the MNCW and region-wise committees at different stages to realize the commitments to Myanmar women's development in international and ASEAN levels. As a means to ensure socioeconomic progress of women, especially the young ones, tasks to improve women's lives, provide equal rights for women to participate in multiple sectors together with men, and broaden the scope of the women's sector must be carried out.

Myanmar signed the Convention on the Elimination of All Forms of Discrimination Against Women (CEDAW) and became its member in 1997. The country has already presented its fourth and fifth reports on progress in implementing the Convention to the UNCEDAW committee. The sixth report that will be presented at the end of 2023 should include the country's endeavours for women's development and ensuring equal rights with men and safety of women in multiple sectors and areas on a more comprehensive scale.

Statistics of Union Civil Service Board show that the ratio of women's participation in government departments is 26.2% in director general level, 43.3% in deputy director general level, 52.6% in director level, 56.6% in deputy director level, and 57% in assistant director level. These statistics stand witness to the sharp improvement of women's performance in the public administration sector and gender equality.

According to the summarized report of the interim census in 2019, women's literacy rate above 15 years old declined by six per cent, and women's labour force participant rate of the people above 15 years old slightly dips rather than that of men. Such data showed requirements of raising the literacy rate for women, especially for socioeconomic life of the girls. It can be seen that it is necessary to improve capacity of workable women to enjoy the job opportunities.

Our government is especially striving for all youths to learn KG+9 scheme, and efforts must be made for all inclusive women to complete learning of KG+9 scheme.

As literacy and education qualification are related to job opportunities, it is necessary to give greater encouragement to women for learning modern education with modern technologies. Moreover, they have to strive for achieving literacy and completion of learning. On the other hand, it is necessary to give vocational education including domestic science create to those who are weak in learning and create employment opportunities.

The theme "DigitALL: Innovation and technology for gender equality" of the International Women's Day which fell on 8 March 2023 aims to enable women and vulnerable groups to have technologies as part of fulfilling the requirements of women and creating the good potentials to further improve the gender equality.

It is necessary to enhance innovation, technology and digital knowledge, touch on technology and give technological training for meeting the sustainable development goals with benefits of technology through gender equality. Such a theme highlighted that protection of the rights of women and girls in the digital sector and tackling the online and technological gender violence.

Women representing the more than a half of total population of Myanmar are valuable human resources as well as an important force for building the Union based on democracy and federalism. Myanmar women are taking responsibilities of the society on one hand and initiating the future of youths. In other words, they all are architects to turn out human resources for the future State.

In conclusion, I would like to urge all to improve women and girls in all sectors in carrying out development of the State through families and societies. All women and men are harmoniously joining in the nation-building tasks and expose capabilities of women with rights on the Myanmar Women's Day which falls today.

Thanks you all.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# SAC Chairman Prime Minister's wife Daw Kyu Kyu Hla attends Myanmar Women's Day celebration

**Nay Pyi Taw July 3**

Honorary Patron of Myanmar Women's Affairs Federation Daw Kyu Kyu Hla, wife of the State Administration Council Chairman Prime Minister, attended a ceremony to mark Myanmar Women's Day 2023 held at Myanmar International Convention Center-2 here at 10am today.




**Those in attendance at Myanmar Women's Day celebration pose for group photo.**




**Daw Kyu Kyu Hla presents prize to a winner.**




**Daw Khin Thet Htay presents prize to a winner.**

Also present were honorary patrons Daw Khin Thet Htay, Daw Than Than Nwe, the wife of SAC Joint Secretary Lt-Gen Ye Win Oo, SAC members and their wives, the wife of the Constitutional Tribunal Chairman, the Union Minister for Legal Affairs, the Chairperson of the National Committee for Women's Affairs Union Minister for Social Welfare, Relief and Resettlement, the Governor of the Central Bank of Myanmar, wives of Union Ministers, the Nay Pyi Taw Council Chairman and wife, the wife of the Nay Pyi Taw Command Commander, deputy ministers and their wives, departmental heads and staff, officials from Myanmar Women's Affairs Federation and women's organizations, award winners and guests.

First, the video message of SAC Chairman Prime Minister Senior General Min Aung Hlaing was shown. (The text of the message is separately published)

Next, Chairperson of the National Committee for Women's Affairs Union Minister for Social Welfare, Relief and Resettlement Dr Thet Thet Khaing gave a briefing on women development, the promotion of women's rights and prevention of violence against women, Myanmar's entry into the Convention on the Elimination of All Forms of Discrimination Against Women (UNCEDAW) in 1997, making of the second draft report, Myanmar's preparations to host an ASEAN Ministerial Meeting on Women in 2024, its engagements in the ASEAN Commission on the Promotion and the Protection of the Rights of Women and Children (ACWC) and the ASEAN ministerial meeting on social welfare and development and implementation of action plans, the drafting of the national strategy (2023-2032) for ASEAN women development, the drawing of a national plan for sexual violence prevention and response during conflict, preventive and response measures against gender-based violence, and movements and activities prior to Myanmar Women's Day.

Then, a video clip on women development activities was shown to those in attendance.

After that, prizes were presented to the sector-wise brilliant women. Daw Kyu Kyu Hla presented prizes to Second Lieutenant Theint Nandar Aung from the Tatmadaw (Army), Lieutenant Khaing Khant Khant Kyaw from the Tatmadaw (Navy) and Lieutenant Le Wai Aung from the Tatmadaw (Air); Daw Khin Thet Htay to Police Major Thuzar Lwin and Daw Khaing Mar Oo from the Red Cross Society; and Daw Than Than Nwe to outstanding woman with disabilities Ma Chaw Su Hlaing and outstanding woman athlete Ma Sandi Oo.




**Daw Than Than Nwe presents prize to a winner.**

SAC member Daw Dwe Bu presented a prize to Ma Nandar Kyi Phyu Lin, who got the highest mark in the matriculation examination for the 2022-2023 academic year.

Later, the attendees posed for a documentary group photo and the products displayed at the event.

100

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## Kongsberg ကုမ္ပဏီက F-35 တိုက်လေယာဉ်အတွက် ပံ့ပိုးမှုဆိုင်ရာအဆောက်အအုံ တည်ဆောက်မည်



နော်ဝေနိုင်ငံ Kongsberg Defense & Aerospace ကုမ္ပဏီသည် F-35 တိုက်လေယာဉ်အတွက် ပံ့ပိုးမှုဆိုင်ရာ အဆောက်အအုံကို တည်ဆောက်မည်ဖြစ်ကြောင်း ဇွန် ၃၀ ရက်က The Defense Post တွင် ဖော်ပြထားသည်။

အမေရိကန်ဒေါ်လာ ၄၆ သန်း တန်ဖိုးရှိသော အဆိုပါအခြေခံအဆောက်အအုံသည် နော်ဝေတပ်မတော်လက်အောက်ရှိ F-35 တိုက်လေယာဉ်များအားလုံးအတွက် လေယာဉ်ကိုယ်ထည် ကြံ့ခိုင်ထိန်းသိမ်းမှုနှင့်ဆက်စပ်ဖြေရှင်းခြင်းလုပ်ငန်းစဉ်များကို ပံ့ပိုးလုပ်ဆောင်ပေးသွားနိုင်မည်ဖြစ်သည်။

အဆိုပါအဆောက်အအုံသည် ၂၀၂၅ ခုနှစ် ဒုတိယနှစ်ဝက်တွင် အပြီးသတ်တည်ဆောက်သွားမည်ဖြစ်ပြီး တိုက်လေယာဉ်အုပ်အတွက် စတင်ဝန်ဆောင်မှုပေးနိုင်လိမ့်မည်ဟု မျှော်မှန်းရသည်။

ကြံ့ခိုင်ထိန်းသိမ်းမှုနှင့်အတူ အဆိုပါစက်ရုံတွင် F-35 တိုက်လေယာဉ်များအတွက် ပြုပြင်မွမ်းမံမှုများ၊ အဆင့်မြှင့်တင်မှုများနှင့် ဆက်စပ်တိုးတက်ဖွံ့ဖြိုးမှုများကို တိုက်လေယာဉ် အသုံးပြုနေသမျှ သက်တမ်းတစ်လျှောက်လုံး လုပ်ဆောင်ပေးသွားနိုင်မည်ဟုလည်းသိရသည်။

Kongsberg ကုမ္ပဏီ၏ လေကြောင်းထိန်းသိမ်းမှုဆိုင်ရာ ဝန်ဆောင်မှုဌာနသည် စက်ရုံဆောက်လုပ်ရေးနှင့် စက်ရုံရှိ အနာဂတ်လုပ်ငန်းများကို ဦးဆောင်အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

ထိုအတောအတွင်း F-35 တိုက်လေယာဉ်ကြံ့ခိုင်ထိန်းသိမ်းရေးကို Orland မြို့ရှိ တော်ဝင်နော်ဝေလေတပ်၏ ပင်မအခြေစိုက်စခန်းတွင် ဆက်လက်လုပ်ဆောင်ပေးသွားမည်ဖြစ်ပြီး နိုင်ငံစုံမှ F-35 အစီအစဉ်နှင့်အညီ အီတလီနိုင်ငံ Cameri မြို့တွင် အကြီးစားပြုပြင်ထိန်းသိမ်းမှုများကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။

နော်ဝေတွင် ပြုပြင်ထိန်းသိမ်းရေးစခန်းတစ်ခု တည်ထောင်ခြင်းသည် နော်ဝေစစ်ဘက်၏လိုအပ်ချက်များနှင့်ဦးစားပေးအစီအစဉ်များနှင့်အညီ နော်ဝေတိုက်လေယာဉ်များကို ပြုပြင်ထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် စွမ်းရည်များကို ထိန်းသိမ်းထားနိုင်ရန်နှင့်ဖွံ့ဖြိုးတိုးတက်စေရန် ကူညီပေးနိုင်လိမ့်မည်ဟု Kongsberg ကုမ္ပဏီကာကွယ်ရေးနှင့် လေကြောင်းဆိုင်ရာဥက္ကဋ္ဌ Eirik Lie က ပြောကြားခဲ့သည်။

Kongsberg Aviation Maintenance Services လေကြောင်းဝန်ဆောင်မှုဌာနသည် ၂၀၂၀ ပြည့်နှစ်မှစတင်၍ Rygge မြို့တွင် F-35 တိုက်လေယာဉ်များနှင့်သက်ဆိုင်သော F-135 အင်ဂျင်များကို ကြံ့ခိုင်ထိန်းသိမ်းရန်နှင့် အဆင့်မြှင့်တင်ရန်အတွက် Pratt & Whitney ကုမ္ပဏီနှင့် လက်တွဲဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အထက်ပါကြံ့ခိုင်ထိန်းသိမ်းထောက်ပံ့ရေးစီမံကိန်း ပြီးစီးသွားမည်ဆိုပါက Rygge မြို့ရှိ အဆောက်အအုံသည် နော်ဝေစစ်ဘက်အတွက် F-135 အင်ဂျင်စမ်းသပ်မှုများကို လုပ်ဆောင်ပေးနေဦးမည်ဖြစ်သည်။

"အခြေခံအဆောက်အအုံအသစ်ကနေ အခြားနိုင်ငံတွေရဲ့ F-35 တိုက်လေယာဉ်တွေမှာ ပြုပြင်ထိန်းသိမ်းမှုဝန်ဆောင်မှုတွေကိုလဲ လုပ်ဆောင်ပေးသွားနိုင်မှာပါ"ဟု Lie က ထည့်သွင်းပြောကြားသည်။

**Kongsberg to Establish F-35 Support Facility in Norway ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းနိုင်ငံက ရေတပ်သုံးတိုက်ခိုက်ရေးဒုံးကျည် (Naval Strike Missile) စနစ်ဝယ်ယူရန် ပိုလန်နှင့်ညှိနှိုင်းနေ

ယူကရိန်းနိုင်ငံသည် ရေတပ်သုံးတိုက်ခိုက်ရေးဒုံးကျည် (Naval Strike Missile - NSM) စနစ်ကိုဝယ်ယူရန် ပိုလန်နှင့် ညှိနှိုင်းနေကြောင်း ဇွန် ၃၀ ရက်က The Defense Post တွင် ဖော်ပြထားသည်။

ပိုလန်နိုင်ငံသည် ၎င်း၏ကမ်းရိုးတန်းဒုံးကျည်တပ်စုအတွင်း NSM စနစ်နှစ်စုံကို ပိုင်ဆိုင်ထားပြီး တစ်စုံစီတွင် ဒုံးပစ်လောင်ချာယာဉ် သုံးစီးပါ တပ်ခွဲနှစ်ခွဲဖြင့် ဖွဲ့စည်းထားသည်။

ဒုံးပစ်လောင်ချာယာဉ် တစ်စီးလျှင် ဒုံးကျည် လေးစင်းတင်ဆောင်တိုက်ပွဲဝင်နိုင်သည်။ ပိုလန်နိုင်ငံ Defence24 သတင်းဌာန အဆိုအရ ယူကရိန်းနိုင်ငံသည် NSM စနစ်တစ်စုံလုံး သို့မဟုတ် အနည်းဆုံး ၎င်း၏အစိတ်အပိုင်းအချို့ကို ဝယ်ယူရန် စဉ်းစားနေသည်ဟု သိရသည်။

ရေမိုင် ၁၀၀ ကျော် အကွာအဝေး ၁၈၅ ကီလိုမီတာ (၁၁၅ မိုင်)ထိ တိုက်ပွဲဝင်နိုင်သော NSM ဒုံးကျည်စနစ်သည် ယူကရိန်းတွင် နောက်ထပ်တာဝေးပစ်တိုက်ခိုက်မှုစွမ်းရည်ကို ဝေဟင်မှပစ်လွှတ်သော Storm Shadow ခရုဇ်ဒုံးကျည်နှင့်အတူ ပံ့ပိုးပေးနိုင်တော့မည်ဖြစ်သည်။ အလေးချိန် ကီလိုဂရမ် ၄၀၀ (၈၈၂ ပေါင်) လေးသည့် မြေပြင်ပစ်ဒုံးကျည်စနစ်သည် အခြားသင်္ဘောဖျက်ဒုံးကျည်များထက် ပိုမိုပေါ့ပါးပြီး ၎င်း၏ဒုံးကျည်ကိုယ်ထည်ဒီဇိုင်းနှင့်တွန်းအားပေးစနစ် အလေးချိန် အချိုးအစား မြင့်မားမှုသည် ၎င်းကိုလှုပ်ရှားစစ်ကစားပုံသန်းနိုင်မှု ပိုမိုကောင်းမွန်စေသည်။

Kongsberg Defence ထုတ်ဒုံးကျည်သည် ကိုယ်ပျောက်ရန် Composite Material ပေါင်းစပ်သတ္တုပစ္စည်းကို အသုံးပြုတည်ဆောက်ထားပြီး ပင်လယ်ရေပြင်ပေါ်ရှပ်၍ အနိမ့်ပျံသန်းနိုင်သော Sea-Skimming စွမ်းဆောင်ရည်များ ပိုင်ဆိုင်ထားကြောင်း သိရသည်။

ဒုံးကျည်သည် Inertial၊ GPS နှင့် Terrain-Reference လမ်းညွှန်ထိန်းကျောင်းမှုစနစ်များကို အသုံးပြုထားသည်။

၎င်းသည် Terminal Homing အတွက် ပုံရိပ်ဖော်အနီအောက်ရောင်ခြည်စနစ်ကိုလည်း အသုံးပြုထားပြီး ရန်သူဘက်မှ Spoofing နှင့် Radio Frequency Jamming တို့ကို ခံနိုင်ရည်ရှိစေမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဒုံးကျည်ရှိ အာရုံခံကိရိယာတွင် ပင်လယ်ပြင် သို့မဟုတ် ကုန်းမြေပေါ်ရှိ ပစ်မှတ်ကို ရှာဖွေတွေ့ရှိ၊ စိစစ်ခွဲခြား၍ တိုက်ခိုက်ဖျက်ဆီးခြင်းများကို သေချာစေရန်အတွက် အလိုအလျောက်ပစ်မှတ်ရှာဖွေထောက်လှမ်းနိုင်စွမ်း ပါရှိသည်။



**Ukraine Negotiating Naval Strike Missile Purchase With Poland: Report ကို ဘာသာပြန်ဆိုထားပါသည်။**

## ပိုလန်နိုင်ငံက အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံတန်ဖိုးရှိ Patriot ဒုံးကျည်ကာကွယ်ရေးစနစ်များ ဝယ်ယူသွားမည်

ပိုလန်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံတန်ဖိုးရှိ အဆင့်မြင့် Patriot ဒုံးကျည်ကာကွယ်ရေးစနစ်များကို ဝယ်ယူမည်ဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ဇွန် ၂၈ ရက်တွင် ကြေညာထားသည့် သဘောတူညီချက်အရ သိရသည်။



အဆိုပါရောင်းချမှုတွင် Patriot PAC-3 ဒုံးပစ်လောင်ချာ ၄၈ ခုနှင့် Patriot PAC-3 MSE ဒုံးကျည် ၆၄၄ စင်းထိ ပါဝင်မည်ဖြစ်ပြီး ရေဒါများနှင့်ကွပ်ကဲထိန်းချုပ်မှုဆိုင်ရာ စနစ်အစိတ်အပိုင်းများ ပါဝင်မည်ဖြစ်ကြောင်း ကာကွယ်ရေးလုံခြုံရေးပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

အမေရိကန်နိုင်ငံ စစ်လက်နက်တင်ပို့ရေး သဘောတူညီချက်များအပေါ် အခွင့်အာဏာရှိသော နိုင်ငံခြားရေးဝန်ကြီးဌာနသည် ပိုလန်တွင် ခေတ်အမီဆုံးအမေရိကန်လေကြောင်းရန်ကာကွယ်ရေးစနစ်အချို့ကို ပံ့ပိုးပေးမည့်ရောင်းချမှုကို အတည်ပြုခဲ့သည်ဟု အေဂျင်စီက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပြုထားသော ရောင်းချမှုသည် ပိုလန်နိုင်ငံ၏ ဒုံးကျည်ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ပေးမည်ဖြစ်ပြီး အမေရိကန်၊ အခြားမဟာမိတ်နိုင်ငံများနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင် လုပ်ဆောင်နေချိန်တွင် ပိုလန်နိုင်ငံ၏ စစ်ရေးရည်မှန်းချက်များတွင် စွမ်းဆောင်ရည်များအဆင့်မြှင့်တင်ခြင်းအတွက် အထောက်အကူဖြစ်စေလိမ့်မည်ဟု အေဂျင်စီက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Patriots ဒုံးကျည်များသည် ဝင်ရောက်လာသော မြန်နှုန်းမြင့်ဒုံးကျည်များနှင့် လေယာဉ်များကို တိုက်ခိုက်ရန်အတွက် အသုံးပြုရန် ဒီဇိုင်းထုတ်ထားကြောင်း သိရသည်။

Patriot ဒုံးကျည်များသည် ရုရှား၏ လေကြောင်းတိုက်ခိုက်မှုများမှ ယူကရိန်းကိုကာကွယ်ရာတွင် အလွန်ထိရောက်မှုရှိခဲ့ကြောင်း သက်သေပြခဲ့ပြီး ရုရှား၏နည်းပညာမြောက် ပဲ့ထိန်းဒုံးကျည်များနှင့်အဆင့်မြင့် ဟိုက်ပါဆောနစ် ဒုံးကျည်များကိုပင် ပစ်ချနိုင်ခဲ့သည်ဟု သတင်းများထွက်ပေါ်နေကြောင်း သိရသည်။

**Poland to Buy US Patriot Missile Defense Systems Worth $15B ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၁၁၆၁၉၆ ဧက စိုက်ပျိုးပြီးစီး



**ကသာ ဇူလိုင် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၁၁၆၁၉၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကသာခရိုင်အတွင်း ကြံ ၁၂၇၂၁၆ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ကြံ ၁၁၆၁၉၆ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကသာခရိုင်မှာ ကြံဧက ၁၂၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိ ကြံဧက ၁၁၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ ဒီဒေသမှာ ကြံစိုက်ပျိုးမှုကတော့ ပုံမှန်အတိုင်းပါပဲ။ ကြံစိုက်ပျိုးမှုတွေ တိုးတက်လာဖို့ ဆောင်ရွက်နေတယ်။ ဒီနှစ်ဆိုရင် ရာသီဥတုကောင်းမွန်တဲ့အတွက်ကြောင့် ကြံလျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ယခုနှစ် ကသာခရိုင်တွင် မြို့နယ်အလိုက် ကြံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် ၆၁၂၈၄ ဧက၊ အင်းတော်မြို့နယ်တွင် ၁၀ ဧက၊ ထီးချိုင့်မြို့နယ်တွင် ၅၄၈၆၅ ဧက၊ ဗန်းမောက်မြို့နယ်တွင် ၃၇ ဧကဖြစ်ကြောင်း၊ စိုက်ပျိုးရန် လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ဧက ၆၁၉၂၀၊ အင်းတော်မြို့နယ်တွင် ၃၆ ဧက၊ ထီးချိုင့်မြို့နယ် တွင် ၆၅၂၂၃ ဧက၊ ဗန်းမောက်မြို့နယ်တွင် ၃၇ ဧကဖြစ်ကြောင်း သိရသည်။

ကြံကို စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်နှင့် ကသာခရိုင်တို့တွင် စိုက်ပျိုးကြပြီး ကသာခရိုင်နှင့် ကန့်ဘလူခရိုင်တို့တွင် ကြံစိုက်ပျိုးမှုအများဆုံးဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ကြံစိုက်ပျိုးရာတွင် အထွက်ကောင်းမျိုးဖြစ်သည့် K-95/84၊ နဝဒေး-၄၊ ဖော်မိုဇာ၊ ဆင်းရွှေလီမျိုးများကို စိုက်ပျိုးကြကာ မိုးရေနှင့်စိုက်ပျိုးခြင်းနှင့် ရေတင်စိုက်ပျိုးခြင်းကို ဦးစားပေးစိုက်ပျိုးကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# မိုင်းကိုင်မြို့နယ် ကုန်းဆာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းကိုင် ဇူလိုင် ၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုန်းဆာကျေးရွာ၊ ကုန်းလုံးကျေးရွာနှင့် ရွာတော်ကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ကုန်းဆာကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်းက ကုန်းဆာကျေးရွာ၊ ကုန်းလုံးကျေးရွာနှင့် ရွာတော်ကျေးရွာတို့ရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅ ဒသမ ၀၅ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကုန်းဆာကျေးရွာ၊ ကုန်းလုံးကျေးရွာနှင့် ရွာတော်ကျေးရွာတို့ရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ စုစုပေါင်း ၅၉ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅ ဒသမ ၀၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ရိုင်**

# သရက်မြို့နယ် အကောက်တဲကျေးရွာ၌ စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**သရက် ဇူလိုင် ၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကိုးပင်ကျေးရွာအုပ်စု အကောက်တဲကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရန်၊ ရှောင်ရန်အချက်များကို ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

အကောက်တဲကျေးရွာ၌ မြေနီလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ကျေးရွာပြည်သူထည့်ဝင်ငွေများကို အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်က ပြောပြ၍ သိရသည်။

**ခင်မာ**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံ့ခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၃-၇-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| ဧွဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၁၅၀၀/၁၂၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၅၀၀/၈၆၀၀ |
| **ကော်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၀၀၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၀၈၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၀၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၃၅ |

**(သာ ကော်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြို့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

၉-မှအဆက်

နိုင်ငံနဲ့ လူမျိုးအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး နယ်ပယ်အသီးသီးမှာ မြန်မာအမျိုးသမီးများဟာ အမျိုးသားများနဲ့ တန်းတူရင်ပေါင်တန်းပြီး လွတ်လပ်တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

ကိုလိုနီခေတ်လွတ်လပ်ရေးကြိုးပမ်းမှု ကာလတစ်လျှောက်မှာလည်း အမျိုးသားများနဲ့ရင်ပေါင်တန်းတိုက်ပွဲဝင်ခဲ့ကြတဲ့ အမျိုးသမီးသူရဲကောင်းများစွာရှိခဲ့ကြပါတယ်။ ယနေ့မျက်မှောက်ကာလမှာလည်း စီးပွားရေး၊ လူမှုရေးနယ်ပယ်များနဲ့ အသိပညာ၊ အတတ်ပညာ၊ အနုပညာဆိုင်ရာ နယ်ပယ်များမှာ ထူးချွန်ထက်မြက်ပြီး ဂုဏ်ယူဖွယ်၊ စံပြအားထားဖွယ် မြန်မာအမျိုးသမီးများ များစွာပေါ်ထွက်ခဲ့ပါတယ်။

မြန်မာအမျိုးသမီးများအနေနဲ့ အခြေခံအကျဆုံးဖြစ်တဲ့ မိသားစုတာဝန်ကစလို့ ကဏ္ဍစုံ၊ နယ်ပယ်စုံတွေမှာ အမျိုးသမီးများရဲ့ အခန်းကဏ္ဍဟာ တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးတက်မြင့်မားလာနေတာကို တွေ့မြင်နေရပြီ ဖြစ်ပါတယ်။ ခေတ်အဆက်ဆက်မှာ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်များဖြစ်တဲ့ စစ်မှုထမ်း၊ ရဲမှုထမ်းများအဖြစ် အမျိုးသားများနဲ့ ရင်ပေါင်တန်းပြီး ထူးချွန်ထက်မြက်စွာ နိုင်ငံ့အကျိုးကို သယ်ပိုးလျက်ရှိတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

နိုင်ငံတကာနဲ့ အာဆီယံဒေသအဆင့်တွေမှာ မြန်မာနိုင်ငံရဲ့ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကတိကဝတ်ပြုမှုများကို အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော်အနေနဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနဲ့ ဒေသဆိုင်ရာ ကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသမီးများ အထူးသဖြင့် အမျိုးသမီးငယ်ရွယ်များရဲ့ လူမှုစီးပွားဘဝအခြေအနေ မြင့်မားရေးမှာ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ကဏ္ဍစုံမှာ အမျိုးသမီးများနဲ့ အမျိုးသားတန်းတူ ပါဝင်ခွင့်ရရှိရေးနဲ့ အမျိုးသမီးကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာအောင် ဆောင်ရွက်ကြဖို့ မှာကြားလိုပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို ၁၉၉၇ ခုနှစ်မှာ အဖွဲ့ဝင်အဖြစ် အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါတယ်။ ကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်ရွက်မှုများနဲ့ စပ်လျဉ်းပြီး အစီရင်ခံစာများကို UNCEDAW ကော်မတီသို့ တင်သွင်းခဲ့ရာမှာ စတုတ္ထနဲ့ ပဉ္စမအကြိမ် တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ ဆဋ္ဌမအကြိမ်မြောက် အစီရင်ခံစာကို ၂၀၂၃ ခုနှစ် ကုန်ပိုင်းမှာ တင်သွင်းဖို့ ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်လို့ အစီရင်ခံစာရေးသားမှုမှာ မိမိတို့နိုင်ငံက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကဏ္ဍစုံမှာ အမျိုးသား၊ အမျိုးသမီး တန်းတူညီမျှရေးနဲ့ အမျိုးသမီးများကို ကာကွယ်စောင့်ရှောက်ရေးဆောင်ရွက်ချက်များကို ကဏ္ဍစုံ၊ နယ်ပယ်စုံက ပြည့်ပြည့်စုံစုံပါဝင်အောင် ထည့်သွင်းဖော်ပြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ ၂၀၂၂ ခုနှစ် ကိန်းဂဏန်းအရ အစိုးရဌာနများမှာ အမျိုးသမီးပါဝင်မှုနှုန်းအနေဖြင့် ညွှန်ကြားရေးမှူးချုပ်အဆင့်မှာ ၂၆ ဒသမ ၂ ရာခိုင်နှုန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်မှာ ၄၃ ဒသမ ၃ ရာခိုင်နှုန်း၊ ညွှန်ကြားရေးမှူးအဆင့်မှာ ၅၂ ဒသမ ၆ ရာခိုင်နှုန်း၊ ဒုတိယညွှန်ကြားရေးမှူးအဆင့်မှာ ၅၆ ဒသမ ၆ ရာခိုင်နှုန်း၊ လက်ထောက်ညွှန်ကြားရေးမှူးအဆင့်မှာ ၅၇ ရာခိုင်နှုန်းရှိကြောင်း သိရပါတယ်။ ဒါကိုကြည့်ရင် ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှုကဏ္ဍမှာ မြန်မာအမျိုးသမီးများရဲ့ စွမ်းဆောင်ရည် များစွာတိုးတက်မြင့်မားလာပြီး အမျိုးသား၊ အမျိုးသမီးရေးရာ တန်းတူညီမျှမှုရှိနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း အနှစ်ချုပ်အစီရင်ခံစာအရ အသက် ၁၅ နှစ်နှင့်အထက် အမျိုးသမီးစာတတ်မြောက်မှုနှုန်းဟာ အမျိုးသားစာတတ်မြောက်မှုနှုန်းထက် ၆ ရာခိုင်နှုန်း ခန့်လျော့နည်းပြီး အသက် ၁၅ နှစ်နဲ့အထက် လူဦးရေရဲ့ လုပ်သားအင်အားပါဝင်မှုနှုန်းမှာလည်း အမျိုးသမီးလုပ်သားအင်အား ပါဝင်မှုနှုန်းဟာ အမျိုးသားလုပ်သားအင်အား ပါဝင်မှုနှုန်းထက် အနည်းငယ်လျော့နည်းနေတာတွေ့ရပါတယ်။ ဒီကိန်းဂဏန်းအချက်အလက်တွေအရ အမျိုးသမီးများ အထူးသဖြင့် အမျိုးသမီးငယ်ရွယ်များရဲ့ လူမှုစီးပွားဘဝအခြေအနေမြင့်မားရေးအတွက် ပညာသင်ကြားတတ်မြောက်ရေးကို မြှင့်တင်ပေးဖို့လိုပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ကောင်းမွန်စေရေးအတွက် အလုပ်လုပ်ကိုင်နိုင်တဲ့အရွယ်ရှိ အမျိုးသမီးများရဲ့ အလုပ်လုပ်နိုင်တဲ့စွမ်းရည်များ ကျွမ်းကျင်ပိုင်နိုင်နေဖို့ လိုအပ်ကြောင်း တွေ့ရှိရပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့ ပညာသင်ကြားသူ လူငယ်များ အားလုံး KG+9 အဆင့်ထိ ပညာသင်ကြားနိုင်ရေး အထူးအလေးထား ဆောင်ရွက်နေတာဖြစ်လို့ အကျုံးဝင်သူအမျိုးသမီးများအားလုံး KG+9 အဆင့်ထိ ပညာသင်ကြားပြီးစီးရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုပါတယ်။

စာတတ်မြောက်မှုနဲ့ ပညာအရည်အချင်းတို့ဟာ အလုပ်အကိုင်အခွင့်အလမ်းနဲ့ဆက်စပ်နေတဲ့အတွက် အမျိုးသမီးများကို ခေတ်မီပညာရေးနဲ့ ခေတ်မီနည်းပညာများ သင်ကြားရာမှာ ယခုထက်ပိုမိုအားပေးဖို့လိုသလို စာတတ်မြောက်ရေးနဲ့ ပညာရေးပြီးဆုံးမှုတို့ မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်သွားဖို့လည်း လိုအပ်ပါတယ်။ တစ်ဖက်ကလည်း ပညာရေးအားနည်းသူများအတွက် အိမ်တွင်းမှုလုပ်ငန်းများအပါအဝင် အသက်မွေးဝမ်းကျောင်းပညာရပ်များကိုလည်း တိုးမြှင့်သင်ကြားပေးပြီး အလုပ်အကိုင်အခွင့်အလမ်းတိုးတက်အောင် ဆောင်ရွက်ပေးဖို့လိုပါတယ်။

၂၀၂၃ ခုနှစ် မတ် ၈ ရက်မှာ ကျင်းပခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ရဲ့ **"အမျိုးသား၊ အမျိုးသမီး တန်းတူညီမျှဖို့ နည်းပညာနဲ့ဆန်းသစ်စို့" "(DigitALL: Innovation and technology for gender equality)"** ဆောင်ပုဒ်ကလည်း အမျိုးသမီးများနဲ့ ထိခိုက်လွယ်တဲ့အုပ်စုများကို နည်းပညာလက်လှမ်းမီရရှိစေခြင်းဖြင့် အမျိုးသမီးများရဲ့လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းဖြစ်သလို အမျိုးသား၊ အမျိုးသမီး တန်းတူညီမျှမှုကို ပိုမိုမြှင့်တင်ပေးနိုင်စေမယ့် အလားအလာကောင်းများကို ဖြစ်ပေါ်စေပါတယ်။

ဒီလိုနည်းပညာဆိုင်ရာ အကျိုးကျေးဇူးများကိုရရှိပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်ဆီကို အမျိုးသား၊ အမျိုးသမီး တန်းတူညီမျှစွာ အရောက်လှမ်းနိုင်ဖို့အတွက် တီထွင်ဆန်းသစ်မှု၊ နည်းပညာနဲ့ ဒစ်ဂျစ်တယ်အသိပညာဆိုင်ရာ မြှင့်တင်ဆောင်ရွက်ဖို့၊ နည်းပညာလက်လှမ်းမီရရှိဖို့၊ နည်းပညာဆိုင်ရာ လေ့ကျင့်သင်ကြားမှုများ ဆောင်ရွက်ပေးဖို့လိုအပ်ပါတယ်။ ဒစ်ဂျစ်တယ်ကဏ္ဍမှာ အမျိုးသမီးများနဲ့ မိန်းကလေးငယ်များရဲ့အခွင့်အရေးကို ကာကွယ်ဖို့နဲ့ အွန်လိုင်းနဲ့ နည်းပညာဆိုင်ရာ အမျိုးသား၊ အမျိုးသမီး အခြေပြု အကြမ်းဖက်မှုများကို ကိုင်တွယ်ဖြေရှင်းဖို့လည်း လိုအပ်ကြောင်းကို ဒီဆောင်ပုဒ်က မီးမောင်းထိုးပြထားတာကို သတိထားကြရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံလူဦးရေရဲ့ ထက်ဝက်ကျော်ကို ကိုယ်စားပြုတဲ့ အမျိုးသမီးများဟာ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးမှာ အရေးပါတဲ့ အင်အားစုတစ်ရပ်ဖြစ်ပြီး နိုင်ငံအတွက် အလွန်အဖိုးတန်တဲ့ လူသားအရင်းအမြစ်တွေဖြစ်ကြပါတယ်။ မြန်မာအမျိုးသမီးများဟာ လောကကို တစ်ဖက်တစ်လမ်းက တာဝန်ယူသူများ၊ လူငယ်လူရွယ်များရဲ့အနာဂတ်ကို လှပအောင် ဖန်တီးသူဥယျာဉ်မှူးများ ဖြစ်ကြပါတယ်။ တစ်နည်းအားဖြင့် အနာဂတ်နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များကို ပုံသွင်းထုဆစ်ပေးကြတဲ့ ဗိသုကာပညာရှင်များ ဖြစ်ကြပါတယ်။

**မြန်မာနိုင်ငံလူဦးရေရဲ့ ထက်ဝက်ကျော်ကိုကိုယ်စားပြုတဲ့ အမျိုးသမီးများဟာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးမှာ အရေးပါတဲ့အင်အားစုတစ်ရပ်ဖြစ်ပြီး နိုင်ငံအတွက်အလွန်အဖိုးတန်တဲ့ လူသားအရင်းအမြစ်တွေဖြစ်ကြပါတယ်။ မြန်မာအမျိုးသမီးများဟာ လောကကို တစ်ဖက်တစ်လမ်းက တာဝန်ယူသူများ၊ လူငယ်လူရွယ်များရဲ့အနာဂတ်ကို လှပအောင် ဖန်တီးသူ ဥယျာဉ်မှူးများ ဖြစ်ကြပါတယ်။ တစ်နည်းအားဖြင့် အနာဂတ်နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များကို ပုံသွင်းထုဆစ်ပေးကြတဲ့ ဗိသုကာပညာရှင်များ ဖြစ်ကြပါတယ်. . .**

ဒါကြောင့် မိသားစု၊ လူ့အဖွဲ့အစည်းများကတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာမှာ အမျိုးသမီးများနဲ့ မိန်းကလေးငယ်ရွယ်များအတွက် ကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ပေးရေးကို မြှင့်တင်လုပ်ဆောင်ကြဖို့ မှာကြားလိုပါတယ်။ အမျိုးသား၊ အမျိုးသမီးအားလုံး တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကာ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်တွေမှာ အမျိုးသမီးထုကြီးရဲ့ အင်အားနဲ့ အကောင်အထည်ဖော်ကြဖို့နဲ့ မြန်မာအမျိုးသမီးများရဲ့ အခွင့်အရေးများ အလေးထားဆောင်ရွက်ကာ စွမ်းဆောင်ရည်များ ဖော်ထုတ်ပေးနိုင်ဖို့ ဒီကနေ့ကျရောက်တဲ့ မြန်မာအမျိုးသမီးများနေ့မှာ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# အာဆီယံ - ဟောင်ကောင်(တရုတ်) လွတ်လပ်သောကုန်သွယ်မှုဒေသ၏ အကောက်ခွန်နှုန်းထားနှင့် ပင်ရင်းနိုင်ငံ စည်းမျဉ်းဆိုင်ရာ ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၃**

ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့မှ ကိုယ်စားလှယ်များပါဝင်သော အာဆီယံ-ဟောင်ကောင်(တရုတ်) လွတ်လပ်သောကုန်သွယ်မှုဒေသ၏ အကောက်ခွန်နှုန်းထားနှင့် ပင်ရင်းနိုင်ငံစည်းမျဉ်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် တက်ရောက်၍ ဆွေးနွေးပြောကြားရာတွင် အာဆီယံ-ဟောင်ကောင်(တရုတ်) လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်အရ ကျင့်သုံးသည့် အကောက်ခွန်နှုန်းထားနှင့် ပင်ရင်းနိုင်ငံစည်းမျဉ်းတို့ကို နားလည်သဘောပေါက်ခြင်းဖြင့် သဘောတူစာချုပ်အရ အကောက်ခွန်သက်သာခွင့်ဆိုင်ရာ အကျိုးကျေးဇူးများကို ရရှိစေနိုင်မည်ဖြစ်ပါကြောင်း၊ ယင်းအခွင့်အရေးကိုရယူ၍ သက်ဆိုင်ရာအရာထမ်းများနှင့် ပုဂ္ဂလိကကဏ္ဍအနေဖြင့် ယခုအလုပ်ရုံဆွေးနွေးပွဲမှ အာဆီယံ - ဟောင်ကောင်(တရုတ်) လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်ကို ထိရောက်အကျိုးရှိစွာ အကောင်အထည်ဖော်အသုံးချသွားရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အာဆီယံ - ဟောင်ကောင်(တရုတ်) လွတ်လပ်သောကုန်သွယ်မှုဒေသ ပင်ရင်းနိုင်ငံစည်းမျဉ်းဆပ်ကော်မတီ၏ ပူးတွဲသဘာပတိ Mr.Gusmiadi-rrahman၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ စီမံကိန်းတာဝန်ရှိသူ Mr. Kris Shandi Soekatawi၊ ဆွေးနွေးပို့ချမည့် ဗီယက်နမ်နိုင်ငံမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ဆွေးနွေးပွဲကို ဇူလိုင် ၃ ရက်မှ ၄ ရက်ထိ ကျင်းပ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။




**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ဒေသအလိုက်ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လှအေးက ကျောက်ဖြူမြို့၌ ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများကို ဆီ၊ ရေသန့်၊ စားသောက်ဖွယ်ရာများနှင့် တိုင်းရင်းဆေးမျိုးစုံကို ပေးအပ်လှူဒါန်းစဉ်။

**နေပြည်တော် ဇူလိုင် ၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ကျောက်ဖြူမြို့သို့ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လှအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကညင်တောရပ်ကွက်နှင့် ရခိုင်ပိုက်ဆိပ်ရပ်ကွက်များ အတွင်းရှိ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် နေအိမ်များကို မြို့ပေါ်ပရဟိတအသင်းများက သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် မြို့လုံးကျွတ်ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုသည်။ ယင်းနောက် စေတီတောင်ရပ်ကွက်ရှိ သာသနဇောတိကာရုံ ဘုန်းတော်ကြီးကျောင်းသို့သွားရောက်၍ အဆိုပါကျောင်းတိုက်၌ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအား ကြည့်ရှုအားပေးပြီး ဆေးကုသမှုခံယူနေသူများကို ဆီ၊ ရေသန့်၊ စားသောက်ဖွယ်ရာများနှင့် တိုင်းရင်းဆေးလုပ်ငန်းရှင်များက ပေးပို့လှူဒါန်းသည့် တိုင်းရင်းဆေးမျိုးစုံကို ပေးအပ်လှူဒါန်းကာ အားပေးစကားများ ပြောကြားသည်။ ၎င်းနောက် ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးကုသမှုခံယူနေသည့် နဂါးကျောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစက္ကိန္ဒာဘိဝံသအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားကာ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် အားဆေးများ ဆက်ကပ်လှူဒါန်းသည်။



ဗိုလ်မှူးချုပ်နေဝင်းအောင်က ထောက်ပံ့ပစ္စည်းများထားရှိမည့် Cyclone Shelter ၌ ပစ္စည်းထားသိုမှုနှင့် ထားရှိမည့်နေရာများကို ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကကျက်ဘက်ကံပြင်ကျေးရွာအုပ်စုရှိ အမှတ်(၃) အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ ကျေးရွာအုပ်စု သုံးစုမှ ဒေသခံပြည်သူများအား နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ အဆိုပါစာသင်ကျောင်း၌ လေဘေးသင့်ပြည်သူများအတွက် ဆောက်လုပ်ရေးပစ္စည်းများ၊ ဆန်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ယင်းနောက် ဆရာ၊ ဆရာမများကို ဆန်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး အားပေးစကားများပြောကြားကာ စာသင်ကျောင်းဆောင် အဆောက်အအုံ ပြန်လည်ပြုပြင်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ မြောက်ဦးမြို့သို့ရောက်ရှိနေသော ဗိုလ်ချုပ်သောင်းထိုက်ရွှေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြောက်ဦးမြို့၊ မြို့တော်ခန်းမ၌ ရောက်ရှိနေသော မုန်တိုင်းသင့်ပြည်သူများကို ထောက်ပံ့မည့် ဆန် ၁၀၂၇ အိတ်ကို ကြည့်ရှုစစ်ဆေးပြီး မုန်တိုင်းသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးဖြန့်ဖြူးပေးနိုင်ရေး လိုအပ်သည်များ မှာကြားသည်။

အလားတူ ချင်းပြည်နယ် ပလက်ဝမြို့သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်နေဝင်းအောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်း၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ တာဝန်ရှိသူများကို ထောက်ပံ့ပစ္စည်းများ ရောက်ရှိပါက ပစ္စည်းများဆုံးရှုံးမှုမရှိစေရေး စနစ်တကျ ထိန်းသိမ်းထားသိုရန်နှင့် ထားရှိမည့်နေရာများ ကြိုတင်ပြင်ဆင်နိုင်ရေး အခြေအနေများနှင့်ပတ်သက်၍ မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ထောက်ပံ့ပစ္စည်းများထားရှိမည့် Cyclon Shelter သို့ သွားရောက်၍ ပစ္စည်းထားသိုမှုနှင့် ထားရှိမည့်နေရာများကို ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ ပုဏ္ဏားကျွန်းမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ်ဝင်းမောင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဦးရာဇ်မင်္ဂလာကြီးတံတား ပြုပြင်တည်ဆောက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၃၇/ ၂၀၂၃)**
၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်
(၂၀၂၃ခုနှစ်၊ ဇူလိုင်လ ၃ ရက်)

**မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ(MRO NATIONAL DEVELOPMENT PARTY) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရခိုင်ပြည်နယ် ကျောက်တော်မြို့ အထကကျောင်းရှေ့ ပြည်တော်သာရပ်ကွက် စာတိုက်လမ်း အမှတ်(၂၀၂)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ(MRO NATIONAL DEVELOPMENT PARTY)** ကို ၂၀၂၃ ခုနှစ် ဇူလိုင် ၃ ရက်မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မနှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ (MRO NATIONAL DEVELOPMENT PARTY)** ၏ မှတ်ပုံတင်အမှတ်မှာ (၃၂)ဖြစ်ပါသည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများလှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay ၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက် နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲလှဲအေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်မြမြဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# ရန်ကုန်တိုင်းဒေသကြီးနှင့် ရောဝတီတိုင်းဒေသကြီးအတွင်းတို့၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် ကဏ္ဍမျိုးစုံတွင် ထူးချွန်စွာကြိုးပမ်းခဲ့ကြသူများကို ဂုဏ်ပြုဆုများချီးမြှင့်

**နေပြည်တော် ဇူလိုင် ၃**

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ကဏ္ဍမျိုးစုံတွင် ထူးချွန်စွာကြိုးပမ်းခဲ့ကြသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမနှင့် ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ရောရွှေဝါခန်းမတို့၌ အသီးသီးပြုလုပ်ရာ တိုင်းဒေသကြီးများမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်များက အမှာစကားပြောကြားပြီး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို Video Clip ဖြင့်ပြသသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက ကျောင်းသား၊ ကျောင်းသူများ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)တို့မှ သီဆိုကပြ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ကဏ္ဍပေါင်းစုံတွင် ထူးချွန်စွာ စွမ်းဆောင်နိုင်ခဲ့ကြသည့် အမျိုးသမီးများကိုလည်းကောင်း၊ ဂုဏ်ပြုဖျော်ဖြေတင်ဆက်ခဲ့သည့် အဖွဲ့များကိုလည်းကောင်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံးအဆင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသူများကိုလည်းကောင်း ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အမျိုးသမီးများ၏စွမ်းဆောင်မှုလက်မှုပညာပစ္စည်းပြခန်းများနှင့် ဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ကွန်ပျူတာတက္ကသိုလ်ဝင်းအတွင်း၌ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တက်ရောက်လာကြသူများက ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း အပင် ၈၁၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆုချီးမြှင့်စဉ်။



ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း သတ်မှတ်နေရာတွင် သစ်ပင်စိုက်ပျိုးပေးစဉ်။

# မန္တလေးတိုင်းဒေသကြီးအတွင်း လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

**နေပြည်တော် ဇူလိုင် ၃**

မန္တလေးတိုင်းဒေသကြီးအတွင်း လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီးအတွင်း လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ အသီးသီး ပေးအပ်ကြသည်။

ယင်းနောက် တိုင်းမှူးက နိဂုံးချုပ်အမှာစကားပြောကြားသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး တိုင်းဒေသကြီးအတွင်း သိမ်းဆည်းရမိသည့် လက်နက်၊ ခဲယမ်းများ ခင်းကျင်းပြသထားမှုများကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

# ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲပြုလုပ်

**နေပြည်တော် ဇူလိုင် ၃**

၂၀၂၃ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရောဝတီရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၌ ပြုလုပ်ရာ နယ်မြေခံ ရေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသော တနင်္သာရီရေတပ်စခန်းဌာနချုပ်အသင်းကို ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးနှင့် အဖွဲ့ဝင်များက တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်(ရေ) ကွပ်ကဲမှုအောက် ရေတပ်စခန်းဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း (၁၂)သင်းဖြင့် ဇွန် ၂၈ ရက်မှ ယနေ့ထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။



ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးက တံခွန်စိုက်ဒိုင်းဆုရရှိသည့် တနင်္သာရီရေတပ်စခန်းဌာနချုပ်အသင်းကို ဒိုင်းဆုချီးမြှင့်စဉ်။

# ဇူလိုင် ၃ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ဦးရေ ၂၀ တွေ့ရှိ

**နေပြည်တော် ဇူလိုင် ၃**

ဇူလိုင် ၂ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၅၈၀၉ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ဦးရေ ၂၀ တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၄၀၅၁၆ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၉၄၄၆ ဦး |

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၃**

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့်ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့် ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ စံပြရပ်ကွက်ရှိ စံပြစာတိုက်၌ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

အလားတူ မောင်တောမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ရွှေဇားကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

ထို့အတူ ကျောက်ဖြူမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့် ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ စေတီတောင်ရပ်ကွက်ရှိ သာသနဇောတိကာရုံ ကျောင်းတိုက်၌ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

အလားတူ ဘူးသီးတောင်မြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် လက်ဝဲဒက်ပြင်ရှည်ကျေးရွာ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကကျက်ဘက်တံပြင်ကျေးရွာ၌ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

ထို့အတူ စစ်တွေမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့် ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ငါးပွန်းကြီးကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

အလားတူ ရသေ့တောင်မြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ သာသနာ့ဗိမာန်ကျောင်းတိုက်၌ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်၊ စစ်သမီးများက သီဆိုကပြဖျော်ဖြေစဉ်။

# ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဆက်လက်ကပြသီဆိုဖျော်ဖြေ

**နေပြည်တော် ဇူလိုင် ၃**

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် ယနေ့ညနေပိုင်းတွင် ဝါခုတ်ချောင်းတပ်နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေး တပ်ခွဲမှ စစ်သည်၊ စစ်သမီးများက အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည်၊ စစ်သမီးများက မြန်မာသံစဉ်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်း အဆိုအကများ၊ တေးသရုပ်ဖော်အကများ၊ ရယ်ရွှင်ဖွယ်ရာဟာသပြဇာတ်၊ ဒေသ၏ ရိုးရာယဉ်ကျေးမှုအကအလှများ၊ ဗဟုသုတဖြစ်ဖွယ်ရာ အသိပညာပေးအစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာ သီဆိုကပြဖျော်ဖြေကြရာ နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။

ထိုသို့ သီဆိုကပြဖျော်ဖြေသော စစ်သည်၊ စစ်သမီးများကို နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူတို့က ဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇူလိုင် ၃**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤



ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

# မိုခါ(MOCHA) မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့နယ်ရှိ ရွာသစ်ကေ-ဇော်မတက်-မင်းဂံ ကျေးရွာချင်းဆက်ကွန်ကရစ်လမ်းကို ဒေသခံပြည်သူများနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များစုပေါင်း၍ ပြန်လည်ပြုပြင်ခြင်းများဆောင်ရွက်



စစ်တွေမြို့နယ်ရှိ ရွာသစ်ကေ-ဇော်မတက်-မင်းဂံ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းကို စစ်တွေတပ်နယ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ပြုပြင်ဆောင်ရွက်ကြစဉ်။

**နေပြည်တော် ဇူလိုင် ၃**

မိုခါ(MOCHA) မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ရွာသစ်ကေကျေးရွာအနီးရှိ ရွာသစ်ကေ-ဇော်မတက်-မင်းဂံကျေးရွာချင်းဆက်ကွန်ကရစ်လမ်းကို ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများစုပေါင်း၍ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ကွန်ကရစ်လမ်းဝဲယာလမ်းပခုံးပျက်စီးမှုများကိုပြုပြင်ခြင်း၊ နွံနစ်မြေများကိုဖယ်ရှားရှင်းလင်းခြင်း၊ တံတားအောက်ချောင်းရေ ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှိုက်များဆယ်ယူပေးခြင်းလုပ်ငန်းများကို စက်ယန္တရားများဖြင့် စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေသူများကို အချိုရည်ဘူးများနှင့် စားသောက်ဖွယ်ရာများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

## ကောလင်းမြို့အတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် အသက် ရှစ်နှစ်အရွယ်ကလေးငယ် တစ်ဦးအပါအဝင် အမျိုးသမီး သုံးဦးသေဆုံးပြီး အမျိုးသား တစ်ဦးထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဇူလိုင် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့အတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက ဇူလိုင် ၁ ရက် ညပိုင်းတွင် လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် အသက်ရှစ်နှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် အပြစ်မဲ့အရပ်သားပြည်သူ သုံးဦးသေဆုံးပြီး တစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ကောလင်းမြို့အတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများပစ်ခတ်ခဲ့သည့် လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့သည့်နေရာပြပုံ။



ဖြစ်စဉ်မှာ ကောလင်းမြို့အတွင်းနှင့် ကျော်ဇေယျ(၁)ရပ်ကွက်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးကို PDF အမည်ခံ အကြမ်းဖက်သမားများက ဇူလိုင် ၁ ရက် ည ၁၂ နာရီ မိနစ် ၂၀ ခန့်တွင် မြို့၏ အနောက်ဘက် မီတာ ၅၀၀ ခန့်အကွာမှနေ၍ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ရာ လက်နက်ကြီးကျည်များသည် ရုံး၏အနောက်တောင်ဘက် မီတာ ၁၅၀ ခန့်အကွာရှိ လူနေအိမ်တစ်လုံးပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် နေအိမ်အတွင်းအိပ်ပျော်နေသည့် အသက် ရှစ်နှစ်အရွယ်ကလေးငယ်တစ်ဦးအပါအဝင် အမျိုးသမီး သုံးဦး လက်နက်ကြီးကျည်များ ထိမှန်သေဆုံးခဲ့ပြီး အမျိုးသားတစ်ဦး(စိုးရိမ်ရ) ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်းနှင့် ဒဏ်ရာရရှိသူကို ကောလင်းမြို့ ပြည်သူ့ဆေးရုံသို့ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း သိရသည်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများနေထိုင်ရာမြို့အတွင်းသို့ လက်နက်ကြီးများဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများကို ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များကလိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများအသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS(စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူစေတနာရှင်ပြည်သူများအနေဖြင့် မိမိတို့၏အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ **ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။**

၂။ **ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။**

၃။ **ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ထန်းကုန်းကျေးရွာနေ မိုးမိုးစံသည်၎င်းအသုံးပြုသည့်"လမင်းကဗျာ" Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် အောင်ဆန်းရပ်ကွက်နေ မြင့်ဇော်(ခ)ဖိုးဇော်သည် ၎င်းအသုံးပြုသည့် "Myint Zaw" Facebook အကောင့်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှေညောင်မြို့နယ် မင်္ဂလာအောင်မြေ ရပ်ကွက်နေ ခင်မောင်သန်း(ခ)မောင်သန်းသည် ၎င်းအသုံးပြုသည့် "U Lay" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# အီရန်နိုင်ငံတွင် ဖုန်မှုန့်များထူထပ်စွာဖုံးလွှမ်းနေခြင်းကြောင့် လူထောင်ပေါင်းများစွာ အသက်ရှူရခက်ခဲခြင်းများ ဖြစ်ပေါ်လျက်ရှိ



**တီဟီရန် ဇူလိုင် ၃**

အီရန်နိုင်ငံ မြောက်ခိုရက်ဆန်ပြည်နယ်တွင် ဇွန် ၃၀ ရက်မှစ၍ ဖုန်မှုန့်များ ထူထပ်စွာဖုံးလွှမ်းနေခြင်းကြောင့် လူထောင်နှင့်ချီ၍ အသက်ရှူရခက်ခဲခြင်းများဖြစ်ပေါ်လျက်ရှိကြောင်း ပြည်နယ်သဘာဝပတ်ဝန်းကျင်ဌာနမှ တာဝန်ရှိသူတစ်ဦးက ဇူလိုင် ၂ ရက်တွင် ပြောကြားခဲ့သည်ဟု Financial Tribune သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မြောက်ခိုရက်ဆန်ပြည်နယ်တွင် ဖုန်မှုန့်များထူထပ်စွာဖုံးလွှမ်းရခြင်းမှာ နိုင်ငံအတွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် တာ့ခ်မင်နစ္စတန်နိုင်ငံ ကာရာကွန်သဲကန္တာရအတွင်းမှ ဖုန်မှုန့်များဝင်ရောက်မှုကြောင့်ဖြစ်ကြောင်း ပြည်နယ်သဘာဝပတ်ဝန်းကျင်ဌာနမှ အကြီးအကဲတစ်ဦးဖြစ်သူ ရီဇာရှီကာရီရန်က ပြောကြားခဲ့သည်။

"ပြည်နယ်ရဲ့တောင်ပိုင်းဒေသတွေမှာ မြေဟက်တာ ၂၀၀၀၀၀ လောက်က သဲမုန်တိုင်းတိုက်ခတ်မှုဒဏ်နဲ့ အမြဲကြုံရလေ့ရှိပါတယ်။ အခု ဖုံးလွှမ်းနေတဲ့ဖုန်မှုန့်တွေကတော့ ဇူလိုင် ၂ ရက် မွန်းလွဲပိုင်းလောက်ကစပြီး တဖြည်းဖြည်းလျော့ပါးသွားဖို့တော့ ခန့်မှန်းထားပါတယ်"ဟု ပြည်နယ်သဘာဝပတ်ဝန်းကျင်ဌာနမှအကြီးအကဲတစ်ဦးဖြစ်သူ ရီဇာရှီကာရီရန်က ပြောကြားခဲ့သည်။

မိုးခေါင်ခြင်း၊ မိုးရွာသွန်းမှုလျော့နည်းခြင်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှ စွန့်ပစ်အမှိုက်များခြင်း၊ မြစ်ရေများခန်းခြောက်ခြင်းနှင့် တိရစ္ဆာန်စားကျက်များပျက်စီးခြင်းတို့ကြောင့်လည်း အီရန်နိုင်ငံတွင် လေထုညစ်ညမ်းမှု အဓိကဖြစ်ပွားလျက်ရှိကြောင်း ရီဇာရှီကာရီရန်က ထောက်ပြခဲ့သည်။

အီရန်နိုင်ငံတွင် လွန်ခဲ့သောနှစ်အနည်းငယ်မှစ၍ သဲနှင့် ဖုန်မှုန်တိုင်းအန္တရာယ်မှာ ပိုမိုဆိုးရွားလာခဲ့ပြီး အဆိုပါပြဿနာကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ဒေသတွင်းအစုအဖွဲ့အားလုံး စုပေါင်း၍ ဆောင်ရွက်ရန် လိုအပ်သည်ဟု တာဝန်ရှိသူများက တိုက်တွန်းထားကြောင်း သိရသည်။ AZH

# ကနေဒါနိုင်ငံ အယ်ဘတ်တာပြည်နယ်တွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူနေအိမ်တချို့ပျက်စီး

**အော့တာဝါ ဇူလိုင် ၃**

ကနေဒါနိုင်ငံ အယ်ဘတ်တာပြည်နယ် ကားစတဲမြို့တွင် ဇူလိုင် ၁ ရက်က အားကောင်းသည့် လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် လူနေအိမ်တချို့ပျက်စီးခဲ့ကြောင်း ကနေဒါသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု CBC သတင်းဌာနက ဇူလိုင် ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် သေဆုံးသူမရှိခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိသူတချို့ ရှိခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူစာရင်းကို စိစစ်နေဆဲဖြစ်ကြောင်း ကနေဒါ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"ဇူလိုင် ၁ ရက် နေ့လယ်ပိုင်း ၁ နာရီ မိနစ် ၅၀ မှာ အားကောင်းတဲ့ လေဆင်နှာမောင်း တိုက်ခတ်မှုဖြစ်ပေါ်ခဲ့ပါတယ်။ လေဆင်နှာမောင်းကြောင့် ခန့်မှန်းလူနေအိမ် ၁၂ လုံးထိ ပျက်စီးခဲ့ပါတယ်။ အတိအကျကိုတော့ စိစစ်နေဆဲဖြစ်ပါတယ်။ လူနေအိမ်တချို့ဟာ ရာနှုန်းပြည့် ပျက်စီးသွားတဲ့အတွက် ဒေသခံတွေကို ယာယီကယ်ဆယ်ရေးစခန်းမှာ နေရာချပေးထားပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူတချို့ရှိခဲ့တယ်။ ပျက်စီးမှုတွေကို အမြန်ဆုံးရှင်းလင်းပြင်ဆင်ပေးသွားမှာဖြစ်ပါတယ်"ဟု ကားစတဲ ဒုတိယမြို့တော်ဝန် ဒင်းအလန်က ပြောကြားခဲ့သည်။

ပျက်စီးခဲ့သော လူနေအိမ်အရေအတွက်ကိုလည်း စိစစ်နေဆဲဖြစ်ပြီး ပျက်စီးခဲ့သည့် လူနေအိမ်တချို့မှာ ရာနှုန်းပြည့် ပျက်စီးခဲ့ခြင်းကြောင့် ဒေသခံတချို့မှာ ယာယီကယ်ဆယ်ရေး စခန်းများတွင် ရွှေ့ပြောင်းနေထိုင်နေရသည်ဟု ကားစတဲကောင်တီအာဏာပိုင်အဖွဲ့အစည်းက အတည်ပြုခဲ့ကြောင်း သိရသည်။

သို့သော်လည်း ကနဦးသတင်းပို့ချက်အရ ပျက်စီးခဲ့သောလူနေအိမ် ၁၂ လုံးရှိကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိသူများမှာလည်း အသေးစားထိခိုက်ဒဏ်ရာရရှိမှုမျိုးသာဖြစ်ကြောင်း ကနေဒါသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

**ခိုင်းဆက်**

# ချီလီနိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့်ပျက်စီးခဲ့သည့်စိုက်ခင်းများမှ ကောက်ပဲသီးနှံများ ပုံမှန်အတိုင်းပြန်လည်ထွက်ရှိရေး သုံးနှစ်၊ လေးနှစ်ခန့် အချိန်ယူသွားရဖွယ်ရှိ

**ဆန်တီယာဂို ဇူလိုင် ၃**

ချီလီနိုင်ငံတွင် ယခုနှစ်မိုးရာသီကာလအတွင်း ရေကြီးရေလျှံမှုကြောင့် ကောက်ပဲသီးနှံစိုက်ခင်းများပျက်စီးခဲ့ရာ ကောက်ပဲသီးနှံများပုံမှန်အတိုင်း ပြန်လည်ထွက်ရှိနိုင်ရေးအတွက် သုံးနှစ်၊ လေးနှစ်ခန့် အချိန်ယူသွားရဖွယ်ရှိနေကြောင်း ချီလီ စိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု Rio Times သတင်းဌာနက ဇူလိုင် ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရေကြီးရေလျှံမှုကြောင့် သစ်သီးဝလံစိုက်ခင်းများနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်း အမြောက်အမြားပျက်စီးခဲ့သည့်အတွက် ဈေးကွက်အတွင်း သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ ကုန်ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသောလူဦးရေ ၂၀၀၀၀ ကျော်ထိရှိခဲ့ပြီး ပျက်စီးခဲ့သော ကောက်ပဲသီးနှံစိုက်ခင်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ခင်းဧရိယာ စုစုပေါင်းဧက ၃၀၀၀၀၀ ကျော်ထိ ရှိခဲ့ကြောင်း ချီလီအာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဒီနှစ် မိုးရာသီကာလအတွင်း ရေကြီးရေလျှံမှုတွေ ဖြစ်ပွားခဲ့တာကြောင့် စိုက်ပျိုးရေးကဏ္ဍက တော်တော်လေးကို အထိနာခဲ့ရပါတယ်။ စိုက်ပျိုးရေးကဏ္ဍ အရင်လိုပြန်ပြီး ကောင်းမွန်လာဖို့ဆိုရင် အနည်းဆုံးအချိန် သုံးနှစ်ကနေ လေးနှစ်ထိ အချိန်ယူသွားရမှာ ဖြစ်ပါတယ်။ စိုက်ပျိုးမြေတွေကို ပြန်လည်ပြင်ဆင်ပြီးတော့မှပဲ စိုက်ပျိုးလို့ရမဲ့မြေနေရာတွေလဲ များနေတယ်။ စိုက်ပျိုးရေးကဏ္ဍက အထိနာထားတဲ့အတွက် နိုင်ငံရဲ့ စားနပ်ရိက္ခာလုံလောက်မှုနှုန်းဟာ ၂၀ ရာခိုင်နှုန်းလောက်ထိ ကျဆင်းသွားဖွယ်ရှိနေပါတယ်"ဟု ချီလီစိုက်ပျိုးရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**ခိုင်းဆက်**



# ဂျပန်နိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် လူတစ်ဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးနေ

**တိုကျို ဇူလိုင် ၃**

ဂျပန်နိုင်ငံအနောက်ပိုင်း အိုအိုင်တာစီရင်စုနှင့် ယာမာဂူချီစီရင်စုတို့တွင် ဇူလိုင် ၁ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လူတစ်ဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးနေကြောင်း အိုအိုင်တာစီရင်စု အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု UPI သတင်းဌာနက ဇူလိုင် ၂ ရက်တွင် ဖော်ပြခဲ့သည်။

သေဆုံးသူမှာ ရေကြီးရေလျှံမှုဖြစ်ပွားနေသော လမ်းမကြီးကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းမောင်းနှင်စဉ် ယာဉ်မတော်တဆဖြစ်ကာ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း၊ မော်တော်ယာဉ်မှာလည်း လမ်းဘေးရှိ ရေချောင်းအတွင်း ထိုးကျသွားခဲ့ကြောင်း အိုအိုင်တာစီရင်စု အာဏာပိုင်အဖွဲ့အစည်းက အတည်ပြုခဲ့သည်။

"ဂျပန်နိုင်ငံ အနောက်ဘက်ပိုင်းနဲ့တောင်ဘက်ပိုင်းမှာ မိုးသည်းထန်စွာရွာသွန်းနေပါတယ်။ မိုးရေချိန်ဟာ စံချိန်တင်မိုးရေချိန်ပမာဏဖြစ်ပြီးတော့ မိုးရေချိန်ပမာဏဟာ ၁၂ ဒသမ ၂ လက်မထိ မြင့်တက်ခဲ့ပါတယ်။ ကျူရှူးကျွန်းမှာလဲ မိုးသည်းထန်စွာရွာသွန်းနေပြီး ရေကြီးရေလျှံမှုတွေ နေရာအနှံ့အပြားမှာ ဖြစ်ပေါ်နေပါတယ်။ ဆိုးရွားတဲ့အခြေအနေ မဟုတ်သေးပေမဲ့လဲ အချို့နေရာမှာတော့ မြေပြိုကျမှုတွေ ဖြစ်ပေါ်နေပါတယ်။ ရေကြီးရေလျှံမှုဖြစ်ပွားနေတဲ့နေရာတွေမှာ အသွားအလာမလုပ်ကြဖို့ တိုက်တွန်းအပ်ပါတယ်"ဟု ဂျပန်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ပျောက်ဆုံးနေသူနှစ်ဦးအနက် တစ်ဦးမှာအိုအိုင်တာစီရင်စုမှ ဖြစ်ကာ အသက် ၇၀ နှစ်အရွယ် အမျိုးသားဖြစ်ပြီး ကျန်တစ်ဦးမှာ ယာမာဂူချီစီရင်စုမှဖြစ်ကြောင်း အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။ **ခိုင်းဆက်**

# မင်းသား လီယိုနာဒိုဒီကာပရီယိုနှင့် အမေဇုန်စီးပွားရေးလုပ်ငန်းစုဥက္ကဋ္ဌ ဂျက်ဘီဇိုက အမေဇုန်မိုးသစ်တောများကာကွယ်ရန် ကန်ဒေါ်လာသန်း ၂၀၀ လှူဒါန်းမည်

**ဘရာဇီးလီးယား ဇူလိုင် ၃**

တိုက်တန်းနစ်မင်းသား လီယိုနာဒိုဒီကာပရီယိုနှင့် အမေဇုန်စီးပွားရေးလုပ်ငန်းစု ဥက္ကဋ္ဌဖြစ်သူ ဂျက်ဘီဇိုတို့ ပူးပေါင်းတည်ထောင်ထားသော Protect Our Planet Challenge အဖွဲ့အစည်းက ဘရာဇီးနိုင်ငံ အမေဇုန်မိုးသစ်တောများကာကွယ်ရန်အတွက် အမေရိကန်ဒေါ်လာသန်း ၂၀၀ လှူဒါန်းသွားမည်ဖြစ်ကြောင်း People သတင်းဌာနက ဇူလိုင် ၂ ရက်တွင် ရေးသားဖော်ပြထားသည်။

အမေဇုန်သစ်တောပြုန်းတီးမှု ထပ်မံမဖြစ်ပွားစေရန်နှင့် ဘရာဇီးနိုင်ငံ၏ ရေရှည်တည်တံ့ပြီး စိမ်းလန်းသော စီးပွားရေးလုပ်ငန်းများ အရှိန်မြှင့်တင်ရန်အတွက် လှူဒါန်းငွေများကို လေးနှစ်အတွင်း အသုံးပြုသွားမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့အစည်းက ဇွန် ၃၀ ရက်တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

"ကမ္ဘာပေါ်မှာရှိတဲ့ တိရစ္ဆာန်တွေအတွက် အရေးကြီးဆုံးနေရာတွေထဲက တစ်ခုဖြစ်တဲ့ အမေဇုန်မိုးသစ်တောကိုကာကွယ်ဖို့ ဘရာဇီးနိုင်ငံရဲ့ ရည်မှန်းချက်ကြီးကြီးမားမားကြိုးပမ်းမှုကို ကျွန်တော်တို့ Protect Our Planet Challenge အဖွဲ့အစည်းကတစ်ဆင့် ပံ့ပိုးပေးရတဲ့အတွက် ဝမ်းသာမိပါတယ်"ဟု မင်းသား လီယိုနာဒိုဒီကာပရီယိုက ပြောကြားခဲ့သည်။


ထိုသို့ ငွေလှူဒါန်းရခြင်း၏ အဓိကရည်ရွယ်ချက်မှာ အများပိုင်မြေဧက ၁၄၅ သန်းကို သစ်တောပြုန်းတီးမှု လုံးဝမဖြစ်ပွားစေရေးအတွက် ကာကွယ်ရန်နှင့် ထိုသို့ဆောင်ရွက်ရာတွင် ရှိရင်းစွဲသဘာဝထိန်းသိမ်းရေးနယ်မြေများ စီမံခန့်ခွဲမှုကို မြှင့်တင်ရန်၊ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများကို မြှင့်တင်ရန်အတွက်ဖြစ်ကြောင်း သိရသည်။ AZH

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

0w [illegible] @

# အရှုံးမပေးသောဘဝတစ်ခု

အောင်မာန်ဝင့်အောင်(တောင်ကြီး)




(၁)

"အိုး . . . ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ။ ငါ့မှာ ကလေးတွေအများကြီးလေ"

"ဟဲ့ စဉ်းစားကြည့်ကြပါအုံး။ ငါ့မှာကလဲ လက်ရှိကလေးလေးယောက်လေ"

"ငါ့မှာက သုံးယောက်ဟ။ စီးပွားရေး အဆင်မပြေရတဲ့ကြားထဲ စဉ်းစားကြည့်ပါအုံးဗျာ"

"ဟဲ့ . . . ငါတို့မှာက ငတ်တစ်လှည့် ပြတ်တစ်လှည့်ဟေ့။ နင်တို့ ဦးလေး ငမူးသမားကြောင့် နောက်ပိုင်း တောင်းစားရတော့မယ်"

"စဉ်းစားပေးကြပါအုံးဗျာ"

"ဘယ်လို လုပ်ကြမလဲ"

"ကျွန်မတို့ကတော့ လုံးဝခေါ်လို့မဖြစ်နိုင်သလို တာဝန်လဲ မယူနိုင်ဘူးရှင်။ အပြတ်ပြောတာ"

ဖခင်၏ အသုဘ ရက်လည်အပြီး ပြောဆိုနေကြသော ဆွေမျိုးများကြား အသက်ရှစ်နှစ်အရွယ် ကလေးမလေးကတော့ ဘယ်သူခေါ်ကြမလဲ မျှော်လင့်ချက်လေးနှင့် အားငယ်စွာကြည့်နေသည်။ မိခင်ဖြစ်သူ လွန်ခဲ့သည့် ငါးနှစ်ကတည်းကဆုံးသွားခဲ့သည်။ ဖခင် အရက်သမားလည်း ယခုဆုံးသွားပြီမို့ လူမမည် ကလေးမလေးတစ်ယောက်တည်း လောကအလယ် မှိုခိုရာမဲ့ နေတော့သည်။ မျက်လုံးလေး ကလယ်ကလယ်နှင့် ကူညီပေးမည့်သူကို အားကိုးတကြီးကြည့်နေရသည်။ မျှော်လင့်ချက်က ကောက်ရိုးလေးတစ်မျှင်စာမျှမရှိလေတော့ မျက်ရည်များ အိုင်ကျလာသည်။ ရှိုက်သံလေးတောင်ထွက်၍ ငိုနေမိသည်။ အားလုံးအကြည့်များက ကရုဏာအကြည့်လေးသာ ကြည့်နိုင်သည်။ သူ့အတွက် ရှေ့ကမားမားမတ်မတ် ရပ်တည်ပေးမည့် ခွန်အားမရှိကြ၍ ငြင်းဆန်နေကြတော့သည်။ လူကြီးများအားလုံး အကြံအိုက်စွာ ခေါင်းချင်းဆိုင်၍ အဖြေတစ်ခုကိုရှာနေကြတော့သည်။

(၂)

"အိုး . . . ဘာမှ စဉ်းစားမနေနဲ့။ မိဘမဲ့ကျောင်းပဲပို့လိုက်ပေါ့"

"အဲဒါ အကောင်းဆုံးပဲ"

"သူ့အတွက်လဲ အဆင်ပြေဆုံးပဲဗျာ"

အားလုံးက မိဘမဲ့ကျောင်းပို့မည်ဆိုတော့ သိမ်မွေ့ဖြူရင်ထဲ စိုးရိမ်မှုများနှင့် ကြောက်လန့်တကြားငိုပြီး အားလုံးကိုတောင်းပန်တော့သည်။

"သမီးကို မိဘမဲ့ကျောင်း မပို့ပါနဲ့နော်။ သမီး တောင်းပန်ပါတယ်။ သမီး ဘာလုပ်ပေးရလုပ်ပေးရ လုပ်ပေးပါ့မယ် ဦးဦး၊ ဒေါ်ဒေါ်တို့ရယ်။ သမီးတစ်နေကုန် ထမင်းတစ်နပ်ပဲစားရလဲ ရပါတယ်။ သမီးကို ခေါ်ထားကြပါနော်"

လက်အုပ်ကလေးချီပြီး ပြောနေသော ကလေးမလေးကိုကြည့်၍ အားလုံးစိတ်မကောင်းဖြစ်ကြရသည်။ အားလုံးမျက်ရည်များဝဲလျက် တင်းခံနေကြရသည်။ တာဝန်ယူချင်သော်လည်း သူတို့အကြောင်းသာ သူတို့အသိဆုံးမို့ ဝမ်းနည်းကြေကွဲစွာ အားလုံးကျောခိုင်းထားရခြင်းဖြစ်သည်။

"ဒေါ်လေးမြ သမီးကို ခေါ်ပါနော်။ ဦးလေးမောင် သမီးကို မွေးစားပါရှင်။ သမီး မိဘမဲ့ကျောင်းကို မသွားချင်ဘူး"

ထမင်းသုံးနပ်ကို နပ်မှန်အောင်စားရဖို့ မနည်းရုန်းကန်နေရသည့် သူတို့ဘဝထဲ ဘယ်သူမျှ ဆွဲမသွင်းရက်ကြပေ။ အားလုံးအဆင်မပြေကြသူများမို့ ရင်နာနာနှင့် ဆုံးဖြတ်လိုက်ကြသည်။ ရင်ထဲမချိအောင် ခံစားနေကြရသည်။

"ဦးဦးမောင် သမီးကို မိဘမဲ့ကျောင်းမပို့ပါနဲ့နော်။ သမီး မသွားပါရစေနဲ့။ သမီးကို နေခွင့်လေးပဲပေးပါ။ သမီး ထမင်းမစားဘဲ နေပါ့မယ်"

မိန်းမကြီးများကတော့ တင်းမထားနိုင်ဘဲငိုလေပြီ။ ယောကျ်ားကြီးများကလည်း မျက်နှာလွှဲ၍ ဟန်လုပ်ကာ မာန်တင်းနေကြသည်။ မျက်လုံးထဲမှာတော့ မျက်ရည်များပြည့်နေသည်။ ပါးစပ်က ပြောမထွက်နိုင်ကြပေ။ ကလေးမလေးကိုကြည့်၍ ဝမ်းနည်းမှုက ထိန်းမရနိုင်လောက်အောင် ပွင့်ထွက်တော့မည်။

(၃)

ကလေးမလေးကို ကားဖြင့်လာခေါ်သွားကြတော့ အားလုံး ခံစားချက်များ ရင်ဖွင့်ပြီးငိုကြတော့သည်။

"ခွင့်လွှတ်ပါ တူမကလေးရေ အဒေါ်တို့ကိုယ်တိုင်လဲ အကြွေးလည်ပင်းရောက်နေတာမို့ တူမကလေးကို မခေါ်နိုင်တာပါ"

"ကိုယ်တိုင်တောင် မနည်းရုန်းကန်နေရလို့ပါတော်။ ကျုပ်တို့မှာ စာနာတတ်တဲ့ နှလုံးသားတွေ ရှိပါတယ်တော်"

"တူမကလေးဘဝ အဲဒီမှာက ဝဝလင်လင်စားရပြီး ပညာကောင်းကောင်းသင်ရမှာပါ တူမကလေးရယ်"

"ဦးလေးတို့နဲ့နေရင် တူမကလေးဘဝ နာလန်မထူနိုင်ဘူးငါ့တူမရဲ့။ ဘာမှတာဝန်မယူနိုင်လို့ အခုလို လုပ်လိုက်ရတာပါကွာ"

"ခွင့်လွှတ်ပါကွာ။ ဦးကြီးတို့ တူမကလေးကို မချစ်လို့မဟုတ်ပါဘူး။ ဦးကြီးတို့ ဘဝထဲမှာ နေရရင် တူမလေးဘဝ ဒီထက်မကဒုက္ခတွေများမှာစိုးရိမ်လို့ပါကွယ်"

ကျုံးကျော်တဲလေးဆီမှ ငိုရှိုက်သံများက ပတ်ဝန်းကျင်တစ်ခုလုံးကို ဖုံးလွှမ်းနေတော့သည်။ အားလုံး၏ ရင်ထဲမှာ စိတ်မကောင်းမှုများစွာဖြင့် ကျန်ရစ်ခဲ့ပြီး အော်ဟစ်ငိုယိုနေကြတော့သည်။ လက်ပြနှုတ်ဆက်ကြရန် အင်အားမရှိကြပေ။ သူတို့မျက်စိရှေ့မှာ ကြီးပြင်းခဲ့သည့်ကလေးမို့ သံယောဇဉ်က ဖြတ်မရနိုင်ပေ။ သံယောဇဉ်ကလေးသာထားနိုင်ပြီး ရစ်ပတ်ချည်နှောင်ဖို့ ဘာခွန်အားမျှမရှိလေတော့ ရင်နာနာနှင့် ဥပေက္ခာပြုခဲ့ရသည်။ သူတို့ရင်ထဲမှာတော့ ဆူးချွန်ကြီးကြီးနှင့် အထိုးခံရသလို နာကျင်လွန်းလှ၏။

(၄)

နာမည်ကသာ သိမ်မွေ့ဖြူ။ ကြမ်းတမ်းလိုက်သည့် ဘဝက သိတတ်စကတည်းကပင်။ မုန်တိုင်းများနှင့်သာ တွေ့ကြုံခဲ့ရသည်။ ယခုတော့ မိဘနှစ်ပါးလုံးမရှိတော့ပေ။ မိဘမဲ့ဂေဟာတောင် ရောက်နေပြီဖြစ်သည်။ စည်းကမ်းတကျနေရသည်။ နံနက်စောစောထ၍ ဘုရားဝတ်ပြုရသည်။ စာသင်ရသည်။ တတ်နိုင်သည့်ဘက်က ဂေဟာ၏ဝေယျာဝစ္စကိုကူညီရသည်။ ယဉ်ကျေးလိမ္မာ ဆုံးမစာများနှင့် နေ့တိုင်းရင်းနှီးကျွမ်းဝင်ခဲ့ရသူမို့ နာမည်လေးနှင့်လိုက်အောင် သိမ်မွေ့ဖြူဖြစ်နေပါတော့သည်။ စာကြိုးစားခဲ့သည်။ ဘဝနာခဲ့သည်။ ရင့်ကျက်မှုက အရွယ်နှင့်မမျှအောင်ပြည့်နေတော့သည်။ တစ်နှစ်တစ်တန်း မှန်မှန်အောင်ခဲ့သည်။ ဆယ်တန်းအောင်တော့ အဝေးသင်တက်ရင်း ဂေဟာလေးမှာပဲ သူနည်းတူ ရောက်ရှိလာသော ကလေးငယ်များကို စာပြပေးသည်။ ဂေဟာမှ မိန်းကလေးတိုင်းကို အသက်မွေးဝမ်းကျောင်းအတွက် စက်ချုပ်ပညာဒါနပြုသူများနှင့်ရေစက်ဆုံခဲ့သည်။ သိမ်မွေ့ဖြူကိုယ်တိုင် အချုပ်အလုပ်ဝါသနာပါသူမို့ ကြိုးစားသင်ယူခဲ့သည်။ အများတကာထက် ပို၍ကြိုးစားခဲ့သည်။ စက်ချုပ်လည်း ပို၍ကျွမ်းကျင်နေပြီဖြစ်သည်။ အားသည့်အချိန်တိုင်း လေ့လာသည်။ စိတ်ပါဝင်စားစွာ သင်ယူခဲ့သည့်အတွက် သိမ်မွေ့ဖြူ၏လက်ရာသည် အားလုံးပါးစပ်ဖျားတွင် ချီးကျူးစရာဖြစ်သွားတော့သည်။ ဂေဟာကဆက်သွယ်ပေးမှုနှင့် ဒီဇိုင်းပညာများအခမဲ့ သင်ယူခွင့်ရခဲ့သည်။ တဖြည်းဖြည်းနာမည်ရလာကာ ဆိုင်ကြီးပင်ဖွင့်နိုင်ခဲ့သည်။ နှစ် ၂၀ ဆိုတာ အချိန်က မြန်လွန်းလှသည်။ သိမ်မွေ့ဖြူပင် အသက် ၃၀ ကျော်ပြီ။ ယခင်လို သိမ်မွေ့ဖြူမဟုတ်တော့ပေ။ ဒီဇိုင်းပညာကို ပို့ချပေးနေသည့် ဆရာတစ်ဆူပင်ဖြစ်နေပြီ။ နိုင်ငံခြားသို့ပင် ပညာတော်သင်သွားရသည်ထိ အောင်မြင်ခဲ့သည်။ ကြိုးစားမှု၏ ရလဒ်ပင်ဖြစ်သည်။ ဂေဟာတစ်ခုလုံးကတော့ သိမ်မွေ့ဖြူအတွက် ဂုဏ်ယူမဆုံးဖြစ်နေတော့သည်။ ဒီဇိုင်နာပြိုင်ပွဲတစ်ခုမှာ ပထမဆုကြီးရလိုက်တော့ သိမ်မွေ့ဖြူ ပို၍ နာမည်ကြီးလာတော့သည်။ နိုင်ငံကျော် အနုပညာရှင်များ၊ မော်ဒယ်များကိုပင် ချုပ်ပေးရသည်ထိ အောင်မြင်လာခဲ့သည်။

"သိမ်မွေ့ဖြူက ဘက်စုံတော်တယ်ဟေ့။ အားလုံး အတုယူရမယ်နော်။ အခုဆို သူ့ဘဝအတွက်ကော၊ ဒီဂေဟာကြီးအတွက်ကော အကျိုးပြုနေတာ အားရစရာပဲ။ သူ့အတွက် အင်မတန်ဂုဏ်ယူတယ်"

အားလုံးက သိမ်မွေ့ဖြူအတွက် ဝမ်းသာမဆုံးရှိနေကြသည်။ သူတို့ပြုစုပျိုးထောင်ပေးရသည့် ပန်းကလေးများ အစွမ်းကုန်ဖူးပွင့်လာကြတော့ ပျော်နေကြသည်။ အောက်ခြေမလွတ်။ ဘဝနာခဲ့သူမို့ ဘဝတူမိဘမဲ့ကလေးများကို ပိုပြီးပြုစုပျိုးထောင်ပေးခဲ့သည်။ ကူညီပေးခဲ့သည်။

(၅)

ရရှိလာသော အကျိုးအမြတ်များထဲမှ တစ်ဝက်ကို မိမိကိုပြုစုပျိုးထောင်ပေးခဲ့သည့် မိဘမဲ့ဂေဟာလေးသို့ အမြဲပံ့ပိုးကူညီခဲ့သည်။ လိုအပ်ချက်များစွာ၊ အခက်အခဲများစွာရှိသည့် မိဘမဲ့ဂေဟာများ၊ ဘိုးဘွားဂေဟာများမှာလည်း တတ်နိုင်သလောက် ကုသိုလ်ပြုလှူဒါန်းခဲ့သည်။ ပညာသင်ချင်သော ဘဝတူမိန်းကလေးများစွာကို စက်ချုပ်ပညာများ အခမဲ့သင်ကြားပေးရင်း အောင်မြင်ကျော်ကြားလှသည့် ဒီဇိုင်နာသိမ်မွေ့ဖြူဖြစ်လာခဲ့ပြီဖြစ်သည်။

နိုင်ငံခြားသွားကာ ဒီဇိုင်းပညာများကို ဆက်ပြီးသင်ယူသည်။ ပိုကြိုးစားသည်။ အမိမြန်မာနိုင်ငံသို့ ပြန်လာကာ အောင်မြင်သော ဒီဇိုင်းသင်တန်းကျောင်းကြီးကို မြို့ကြီးတွင် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ မိဘမဲ့ခဲ့ရသည့် သိမ်မွေ့ဖြူ။ ခိုလှုံရာဂေဟာလေးမှာ ရှင်သန်ခဲ့ရသည့် ပန်းကလေးတစ်ပွင့်။ ယခုတော့ အစွမ်းကုန် ပွင့်လန်းလာပြီဖြစ်သည်။ လောကအလယ်တွင် ဂုဏ်ရှိန်ဝါတောက်ပစွာဖြင့် နာမည်ကျော်ဖက်ရှင်ဒီဇိုင်နာသိမ်မွေ့ဖြူအဖြစ် ရပ်တည်နိုင်ခဲ့ပြီ။ မိမိကိုယ်တိုင် ဝမ်းသာမျက်ရည်များ ကျနေရပြီဖြစ်သည်။

ကျုံးကျော်တဲလေးထဲတွင် နာလန်မထူနိုင်ဘဲ ခက်ခဲကြမ်းတမ်းသည့် ဘဝများနှင့် ရှင်သန်နေရသည့် ဆွေမျိုးများကို ပံ့ပိုးပေးသည်။ မောင်နှမဝမ်းကွဲများကိုတော့ ဘဝရပ်တည်မှုအဆင်ပြေအောင် စက်ချုပ်အတတ်ပညာလေးများ မျှဝေပေးခဲ့သည်။ ယခုဆို အားလုံး အသက်ရှူချောင်နေကြပြီဖြစ်သည်။

"ကျေးဇူးတင်လိုက်တာ ငါ့တူမရယ်"

"ဒေါ်လေးတို့ဘဝ အသက်ရှူချောင်သွားတာ တူမကြီးကြောင့်ပါ။ ကျေးဇူးပါကွယ်"

သူ့လက်ကလေးကိုကိုင်ကာ ကျေးဇူးတင်စကားပြောနေကြသည့် ဆွေမျိုးများကိုကြည့်ပြီး အားလုံးအတွက် ဝမ်းသာကြည်နူးမိသည်။ ရရှိလာသည့် လောကကြီးမှာ အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခများ ပင်လယ်ဝေခဲ့သည်။ အကျိုးတရားနှင့် ကြိုးစားမှုရလဒ်ကြောင့် ယခုတော့ အားလုံးအတွက် မှီခိုအားထားရာ၊ နားခိုစရာ သစ်ပင်ကြီးဖြစ်လာပြီ။ ရှင်သန်ချိန်ဘဝလေးတွင် ကူညီနိုင်သလောက် ဘဝတူများအတွက် မိမိတတ်နိုင်သမျှ ကူညီပေးသွားမည်ဟု သိမ်မွေ့ဖြူ ဆုံးဖြတ်ချက်ချထားပါတော့သည်။

# ယခုနှစ် ဇန်နဝါရီလမှ ဇွန်လထိ ရန်ကုန်တိုင်းဒေသကြီးရှိ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ ကုန်တင်သင်္ဘော ၃၂၁ စီး ဝင်ရောက်ခဲ့




**ရန်ကုန် ဇူလိုင် ၃**

၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဇွန်လထိ ရန်ကုန်တိုင်းဒေသကြီးရှိ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများသို့ ကုန်တင်သင်္ဘော ၃၂၁ စီး ဝင်ရောက်ခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

ထိုကဲ့သို့ ရန်ကုန်တိုင်းဒေသကြီးရှိ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ ကုန်တင်သင်္ဘောများ ဝင်ရောက်ခဲ့ရာတွင် ၂၀၂၃ ခုနှစ် ဇန်နဝါရီလက ကုန်တင်သင်္ဘော ၅၂ စီး၊ ဖေဖော်ဝါရီလက ကုန်တင်သင်္ဘော ၅၁ စီး၊ မတ်လက ကုန်တင်သင်္ဘော ၅၅ စီး၊ ဧပြီလက ကုန်တင်သင်္ဘော အစီး ၅၀၊ မေလက ကုန်တင်သင်္ဘော ၅၆ စီး၊ ဇွန်လက ကုန်တင်သင်္ဘော ၅၇ စီး ဖြစ်ကြောင်း သိရသည်။

"ရန်ကုန် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းတွေကို နိုင်ငံတကာ သင်္ဘောလိုင်းတွေက ကုန်တင်သင်္ဘောတွေ ဝင်ရောက်မှုကတော့ ဒီနှစ် ဇန်နဝါရီလကနေ ဇွန်လထိ ကုန်တင်သင်္ဘော ၃၃၂ စီးဖြစ်ပါတယ်။ နိုင်ငံတကာ ကုန်တင်သင်္ဘောလိုင်းပေါင်း ၂၀ က ကုန်တင်သင်္ဘောတွေ ဖြစ်ပါတယ်။ အခု ဇူလိုင်လမှာလဲ သင်္ဘောလိုင်း ၁၃ လိုင်းကနေ သင်္ဘော ၅၃ စီး ဝင်ရောက်လာအုံးမှာ ဖြစ်ပါတယ်"ဟု မြန်မာ့ဆိပ်ကမ်း အာဏာပိုင်မှ လက်ထောက်အထွေထွေမန်နေဂျာ ဦးစိန်လွင်ဇော်က ပြောပြသည်။

ပြည်တွင်း လိုအပ်ချက်အရ သွင်းကုန်များ တိုးမြှင့်တင်သွင်းနိုင်ရန်အတွက် ကုန်သေတ္တာတင်သင်္ဘောလိုင်း အသီးသီးက ခရီးစဉ်များ ပြန်လည်တိုးချဲ့ပြေးဆွဲပေးလျက်ရှိပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ ၂၀၂၁ ခုနှစ် မေလမှစတင်ကာ နိုင်ငံတကာ ကုန်သေတ္တာနှင့် အထွေထွေကုန်စည်သင်္ဘောများ ပိုမိုဝင်ရောက်ခဲ့ပြီး ကုန်သေတ္တာ ၁၁၀၀၀ ကျော်နှင့် အထွေထွေကုန်စည် မက်ထရစ်တန် ၁၁၅၀၀၀ ပိုမိုဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ရန်ကုန်မြစ်အတွင်း ရေလမ်းကြောင်းအသစ် တွေ့ရှိမှုကြောင့် ရေစူးကန့်သတ်ချက် တိုးမြှင့်ခွင့်ပြုခဲ့သည့် သီလဝါဆိပ်ကမ်းသို့ ရေစူး ၁၀ မီတာရှိသော နိုင်ငံတကာ ပင်လယ်ကူးသင်္ဘောများ ဝင်ထွက်သွားလာနိုင်ပြီဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။ ASH

# မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ၄၅၃၅ ဧက စိုက်ပျိုးပြီးစီး

**မုံရွာ ဇူလိုင် ၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ဝါသီးနှံ ၄၅၃၅ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မုံရွာခရိုင်တွင် ဝါသီးနှံ ၃၁၇၇၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဝါသီးနှံ ၄၅၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မုံရွာခရိုင်အတွင်း ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဝါသီးနှံ ဧက ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာတော့ ဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ အထွက်နှုန်းကောင်းပြီး သက်တမ်းတိုတဲ့ ချည်မျှင်ရှည်ဝါတွေ တိုးချဲ့စိုက်ပျိုးဖို့အတွက် တောင်သူပညာပေးလုပ်ငန်းတွေ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေပါတယ်။ ဝါသီးနှံလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဝါမျိုးစေ့ဖြန့်ဖြူးပေးနေပါတယ်"ဟု မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မြို့နယ်အလိုက် ဝါသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၈၂ ဧက၊ ဘုတလင်မြို့နယ်တွင် ငါးဧက၊ အရာတော်မြို့နယ်တွင် ၁၂ ဧက၊ ချောင်းဦးမြို့နယ်တွင် ၄၄၃၆ ဧကတို့ဖြစ်ပြီး လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၁၅၉၉၅ ဧက၊ ဘုတလင်မြို့နယ်တွင် ၁၀၂၇ ဧက၊ အရာတော်မြို့နယ်တွင် ၆၈၁၅ ဧက၊ ချောင်းဦးမြို့နယ်တွင် ၇၉၃၈ ဧကတို့ဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် ဝါသီးနှံစိုက်ပျိုးမှုအနေဖြင့် ဝါသီးနှံတစ်ဧကလျှင် ကုန်ကျစရိတ် ငွေကျပ် ၃၅၀၀၀၀ ရှိပြီး ဝါတစ်ဧကလျှင် ပိဿာချိန် ၁၀၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မုံရွာခရိုင်၌ ဝါသီးနှံစိုက်ပျိုးသည့် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဝါမျိုးကောင်းမျိုးသန့်များ ရရှိစေရေး၊ ဝါသီးနှံဖြစ်ထွန်းအောင်မြင်စေရန်အတွက် ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်စေရန်အတွက် စိုက်နည်းစနစ်မှန်ကန်စေရေး နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)



ယခင်နှစ်က ဝါစိုက်ခင်းကို တွေ့ရစဉ်။

# နမ့်စန်မြို့နယ် ဝမ်ချယ်ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှု စစ်ဆေး

**နမ့်စန် ဇူလိုင် ၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် ဝမ်ချယ်ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ဝမ်ချယ်ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောက်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များကို ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဝမ်ချယ်ကျေးရွာ၌ အလျားပေ ၄၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၀သိန်း၊ ကျေးရွာနေ ပြည်သူထည့်ဝင်ငွေကျပ်ငါးသိန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ်ဧပြီလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **သံသာ**

## နေ့သစ်အားမာန်

\- နေ့သစ်ဆီ ဦးတည်လျက်
အစွမ်းထက် လူသားအသွင်၊
ပျင်းစိတ်တွေ ဘယ်မမွေး
သတ္တိသွေးယှဉ်၊
ကြောက်ရွံ့ခြင်း ဖယ်ရှောင်ကြဉ်
နှောင်အစဉ် ချမ်းသာမလွဲ၊
ရည်မှန်းရာ ဇွဲနဲ့လျှောက်ကွယ်
ထွန်းတောက်အောင်ပွဲ။

\- ကြုံဆုံလာ အခက်အခဲကိုလ
ရင်ဆိုင်နွှဲစို့ တို့တစ်တွေ၊
အချိန်ကို တန်ဖိုးထားလို့
နိုးကြားစဉ်ပေ၊
ပျော့ညံ့စိတ် ရှောင်ကြဉ်လေ
အောင်မြင်စေ ဘဝလမ်း၊
လောကဓံကို ဘယ်မမှုကွယ်
အန်တုဖြတ်သန်း။

\- ကိုယ့်တာဝန် ကျေပွန်ထမ်းလို့
အပြုံးပန်း အလှဆင်ကာ၊
စိတ်ဓာတ်ကို မြှင့်တင်သွား
ကြိုးစားကြပါ၊
ရည်မှန်းချက် ပန်းတိုင်သာ
လှမ်းနိုင်မှာ အားမာန်တင်း၊
ဘဝကို ယုံကြည်ချက်ဖြင့်
ရှေ့ဆက်မယ်မင်း။ ။

**ရဲသွေးနီ(တက်ဝန်)**

# ကျိုက်မရောမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းပြုလုပ်

**ကျိုက်မရော ဇူလိုင် ၃**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက ကင်းစုကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည် ဖော်ဆောင်ရွက်ရခြင်းရည်ရွယ်ချက်များကို မိတ်ဆက် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မူမူချိုက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ကျေးရွာတွင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ၊ အတိုးနှုန်းနှင့် ချေးငွေကာလသတ်မှတ်ချက်များ စသည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ကျိုက်မရောမြို့နယ် ကင်းစုကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးထံမှ သိရသည်။ **အေးမြတ်**

# ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်နှင့် ဂွမြို့နယ်တို့တွင် ကမာမွေးမြူရေးလုပ်ငန်း တိုးမြှင့်လုပ်ကိုင်လျက်ရှိ



**စစ်တွေ ဇူလိုင် ၃**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်နှင့် ဂွမြို့နယ်တို့တွင် ကမာမွေးမြူရေးကို တိုးမြှင့်လုပ်ကိုင်လျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးသို့ အဓိကတင်ပို့လျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာန (ရခိုင်ပြည်နယ်)မှ ပြည်နယ်ဦးစီးမှူး ဦးသက်ဦးထံမှ သိရသည်။

အဆိုပါ ကမာမွေးမြူရေးသည် ရေစီးရေလာ ကောင်းမွန်သည့် ချောင်း၀၊ မြောင်း၀များတွင် ရေပေါ်ဖောင်ဖွဲ့ကာ မွေးမြူနိုင်ပြီး အစာအတွက်လည်း မြစ်ချောင်းရေပြင်အတွင်း မျောပါလာသည့် ကပ်ပါးပိုးမွှားများကို အစာအဖြစ် ကျွေးရသည့်အတွက် ကုန်ကျစရိတ်နည်းပါးကြောင်း သိရသည်။

“ရခိုင်ပြည်နယ် ကျောက်ဖြူနဲ့ ဂွမြို့နယ်မှာ ကမာမွေးမြူရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပါတယ်။ အစာဖိုးသက်သာတဲ့အတွက် တစ်နိုင်တစ်ပိုင်မွေးမြူသူ တိုးပွားလာတာတွေ့ရတယ်။ သဘာဝရေပြင်ဖြစ်တဲ့ ချောင်း၀၊ မြောင်း၀တွေမှာ ဖောင်ဖွဲ့ပြီးတော့ မွေးမြူကြတာဖြစ်ပါတယ်။ လိုအပ်တဲ့မွေးမြူမှုနည်းစနစ်တွေကို ငါးလုပ်ငန်းဦးစီးဌာနက ပံ့ပိုးကူညီပေးပါတယ်။ ဈေးကွက်အနေနဲ့ ဒေသတွင်းမှာ စားသုံးမှုရှိသလို ရန်ကုန်တိုင်းဒေသကြီးမှာလဲ စားသုံးမှုရှိတဲ့အတွက် တင်ပို့ရောင်းချနေရပါတယ်။ ကမာမွေးမြူရေးလုပ်ငန်းက ပြည်နယ်အတွက် အကျိုးရှိသလို ပြည်ပကိုတင်ပို့နိုင်တဲ့ထိ တိုးချဲ့သွားဖို့ရှိပါတယ်။ လက်ရှိကတော့ ရေပြင်မှာမွေးမြူကြတာဖြစ်တဲ့အတွက် သဘာဝပတ်ဝန်းကျင်မထိခိုက်ဖို့၊ မွေးမြူထားမှုနဲ့ပတ်သက်ပြီး လုံခြုံမှုရှိဖို့ကို ကြပ်မတ်ဆောင်ရွက်ပေးနေတယ်” ဟု ငါးလုပ်ငန်းဦးစီးဌာန(ရခိုင်ပြည်နယ်)မှ ပြည်နယ်ဦးစီးမှူး ဦးသက်ဦးက ပြောပြ၍ သိရသည်။ ASH

# ဘားအံမြို့နယ် မုတ္တဒိ-ကမ်းကြီးကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**ဘားအံ ဇူလိုင် ၃**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြို့ပြနှင့်ကျေးလက်ကွာဟမှုကျဉ်းမြောင်းစေရန်နှင့် ခေတ်မီစံပြကျေးရွာဖြစ်မြောက်စေရန် ရည်ရွယ်၍ မုတ္တဒိ-ကမ်းကြီးကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရန်မျိုးနိုင်၊ ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်နှင့် မြို့နယ်တာဝန်ရှိသူများက တာဝန်ယူဖောက်လုပ်သော ကုမ္ပဏီ၊ ကွန်ကရစ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကွန်ကရစ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မုတ္တဒိ-ကမ်းကြီး ကျေးရွာချင်းဆက်ကွန်ကရစ်လမ်းသည် အရှည် လေးဖာလုံ၊ အကျယ် ၁၆ ပေ၊ အမြင့် ခြောက်လက်မရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၁၇ ဒသမ ၈၁ သန်းဖြင့် ရွေးဖားစည် ကုမ္ပဏီက ယခုနှစ် ဇွန်လ ဒုတိယပတ်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပါက ကျေးရွာနှစ်ရွာရှိ လယ်ယာမြေဧက ၁၀၀၀ ကျော်မှထွက်ရှိလာမည့် ထုတ်ကုန်များကို ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ကရင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုသက်**

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၈၇၄၂ ဧက စိုက်ပျိုးပြီးစီး

**စစ်ကိုင်း ဇူလိုင် ၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၈၇၄၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနံ့စိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၈၆၁၈၈ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလကစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲတီစိမ်း ၈၇၄၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ ပဲတီစိမ်း ၈၆၁၈၈ ဧက စိုက်ပျိုးဖို့ လျာထားတယ်။ ဒီနေ့ထိ ပဲတီစိမ်း ၈၇၄၂ ဧက စိုက်ပျိုးနိုင်ခဲ့တယ်။ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ မိုးကြိုပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိမယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ပညာပေးတာတွေရှိတယ်”ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် ပဲတီစိမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ပဲတီစိမ်း (မိုးကြို) ၁၀၂ ဧက၊ မြင်းမူမြို့နယ်တွင် ပဲတီစိမ်း(မိုးကြို) ၈၁၈ ဧက၊ မြောင်မြို့နယ်တွင် ပဲတီစိမ်း(မိုးကြို) ၂၆၉၃ ဧက စုစုပေါင်း ၃၆၁၃ ဧကနှင့်စစ်ကိုင်းမြို့နယ်တွင် မိုးပဲတီစိမ်း ၁၅၅၈ ဧက၊ မြင်းမူမြို့နယ်တွင် မိုးပဲတီစိမ်း ၁၀၁၈ ဧက၊ မြောင်မြို့နယ်တွင် ၂၅၅၃ ဧက စုစုပေါင်း ပဲတီစိမ်း ၅၁၂၉ ဧကတို့ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



စစ်ကိုင်းခရိုင်တွင် ယခုနှစ် ပဲတီစိမ်းစိုက် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ စိုက်နည်းစနစ်မှန်ကန်စေရန်၊ ပိုးမွှားကျရောက်မှုကင်းရှင်းစေရန်၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲရန်၊ အထွက်နှုန်းကောင်းမွန်စေရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

# မင်းတုန်းမြို့နယ် ခုံတိုင်ကျေးရွာ၌ မြေသားရေကန်တူးဖော်နေမှု စစ်ဆေး

**မင်းတုန်း ဇူလိုင် ၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ခုံတိုင်ကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ မင်းတုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ခုံတိုင်ကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းတိုးတက်မှု အခြေအနေများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး၊ သတ်မှတ်အတိုင်းအတာပြည့်မီရေးတို့ကို အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မင်းတုန်းမြို့နယ် ခုံတိုင်ကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၈၅၅ သန်းအသုံးပြု၍ အလျား ပေ ၁၅၀၊ အနံ ပေ ၁၂၀၊ အနက် ခုနစ်ပေရှိ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းကို Galaxy Khaing Mar ကုမ္ပဏီက ယခုနှစ် ဇွန် ၂၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါမြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပါက ခုံတိုင်ကျေးရွာရှိ အိမ်ခြေ ၄၆ အိမ်၊ လူ ၂၂၈ ဦးနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များအတွက် သောက်သုံးရေဖူလုံစွာရရှိသုံးစွဲနိုင်မည်ဖြစ်ကြောင်း သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးထံမှ သိရသည်။

**ကိုညီ**

# မိုင်းခတ်မြို့နယ် ယန်းမိုင်(လားဟူ)ကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မိုင်းစတ် ဇူလိုင် ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ယန်းမိုင်(လားဟူ)ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းခတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းဆိုင်လွန်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးကျော်မင်းလှိုင်က ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း ကော်မတီဖွဲ့စည်းရာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အမှန်တကယ်ဆောင်ရွက်နိုင်သည့် ပုဂ္ဂိုလ်များသာ ရွေးချယ်ရန်နှင့် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် မိုင်းခတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းဆိုင်လွန်၊ ခေတ္တမြို့နယ်ဦးစီးမှူး ဦးကျော်မင်းလှိုင်နှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။ **ရျှိသန်းဥန္ဒ်.**

စာအုပ်စာပေ လူ့မိတ်ဆွေ

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆) နှစ်အောက်မငယ်ရ၊ (၁၉)နှစ်(၆)လထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင် (၁၄၀) ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂)ရက်နေ့မှစ၍** အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များသို့** ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်း အတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေး ခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်း နိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆) နှစ်အောက်မငယ်ရ၊ (၁၉)နှစ်(၆)လထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင် (၁၄၀) ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်)ဝိပ္ပံဘာသာတွဲဖြင့်** ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂)ရက်နေ့မှစ၍** အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များသို့** ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေး ခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်း နိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆) နှစ်အောက်မငယ်ရ၊ (၁၉)နှစ်(၆)လထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင် (၁၄၀) ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲဖြင့်** ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂)ရက်နေ့မှစ၍** အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များသို့** ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း သင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေး ခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်း နိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ် အမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆) နှစ်အောက်မငယ်ရ၊ (၁၉)နှစ်(၆)လထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (အပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင် (၁၃၀) ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲဖြင့်** ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂)ရက်နေ့မှစ၍** အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များသို့** ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း သင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေး ခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်း နိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**








## ဝန်ထမ်းအလိုရှိသည်

| | | | |
|---|---|---|---|
| 1. | စာရင်းကိုင်(အိမ်နေ) | အမျိုးသား/ အမျိုးသမီး | (2) ဦး |
| 2. | အရောင်းစာရေးမ | အမျိုးသမီး | (5) ဦး |
| 3. | အထွေထွေဝန်ထမ်း | အမျိုးသား | (5) ဦး |

- အမှတ်စဉ် (1,2) အတွက် ဘွဲ့ရဖြစ်ရမည်။ စကားပြောဆိုပြေပြစ်၍ ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။ စာရိတ္တကောင်းမွန်သူဖြစ်ရမည်။ အလုပ်ကို အမှန်တကယ်စိတ်ပါဝင်စားသူဖြစ်ရမည်။
- အမှတ်စဉ်(3)အတွက် စာရိတ္တကောင်းမွန်ရမည်။ အသောက်အစားကင်းရှင်းသူဖြစ်ရမည်။ အလုပ်ကို အမှန်တကယ် စိတ်ပါဝင်စားသူဖြစ်ရမည်။
- စိတ်ဝင်စားပါက မှတ်ပုံတင်၊ အိမ်ထောင်စုဇယားမိတ္တူ၊ရ ပ်ကွက်ထောက်ခံစာ၊ပတ်(စ်)ပို့ပုံ တို့နှင့်တကွ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

(အိမ်နေအိမ်စားများလည်း လျှောက်ထားနိုင်ပါသည်)

ဆက်သွယ်ရန်/ အမှတ်-14, 85 လမ်း, 28×29 ကြား၊ မန္တလေးမြို့။
02-4065540, 09-5079087

## "မုဒြာ အကြောပြင်" တိုင်းရင်းဆေးခန်း အတွက် ဝန်ထမ်းအလိုရှိသည်

- **ကွန်ပျူတာစာရိုက်ကျွမ်းကျင် မ (၁)ဦး**
  လစာ/၁၅၀၀၀၀ + ရက်မှန် ၁၀၀၀၀
- **အကြောပြင်(အကူ) ကျား/မ(လူပျို/အပျို)**
  အခြေခံပညာအထက်တန်းအဆင့်၊ (အကြောပြင်ပညာ သင်ကြားရန် စိတ်ဝင်စားသူများသာ)
  လစာ/၁၃၀၀၀၀ + ရက်မှန် ၁၀၀၀၀

(CV Form + ထောက်ခံစာအပြည့်အစုံ)

**မုဒြာ အကြောပြင်- ၇၄လမ်း၊ ၂၈× ၂၉လမ်းကြား၊ မောက်မယ်ဝင်း၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး။**

ဖုန်း/ 09-964064499

## ဖခင်အမည်မှန်

မန္တလေးမြို့၊ စိတ်ကူးသစ် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 မှ မောင်နေပိုင် ၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ် (၅/ထခန(နိုင်)၀၅၈၂၁၉) အရ ဦးကြည်ဝင်းမောင် ဖြစ်ပါကြောင်း။

**ဦးကြည်ဝင်းမောင်(၅/ထခန(နိုင်)၀၅၈၂၁၉)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ စိတ်ကူးသစ် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 မှ မောင်ရှိုင်းဝဏ္ဏအောင် ၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးခင်မောင်စိုး(၅/ထခန(နိုင်)၀၅၇၄၄၁) ဖြစ်ပါကြောင်း။

**ဦးခင်မောင်စိုး (၅/ထခန(နိုင်)၀၅၇၄၄၁)**

## ပျောက်ဆုံးကြောင်း

ရေဥတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နယ်၊ ဒေါင်ကြီးကျေးရွာအုပ်စု၊ ရွှေမကျေးရွာနေ ကျော်မင်းထက် (ဘ) ဦးတင်အောင်ဝင်း (၁၄/သဗန(နိုင်) ၀၃၁၆၄၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-996115)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၇၅၅၆၀၂၂၈၅**

## ပျောက်ဆုံးကြောင်း

နွားထိုးကြီးမြို့၊ ကံဦးကျေးရွာနေ မောင်ကျော်စွာလှိုင် (ဘ) ဦးငွေလှိုင် (၉/နထက(နိုင်)၁၉၇၃၁၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-851095) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၆၉၉၂၇၆၃၈၀**

## ပျောက်ဆုံးကြောင်း

လေးမျက်နှာမြို့နေ မောင်နိုင်လင်း (ဘ)ဦးခင်လင်း (၁၄/လမန(နိုင်)၁၀၁၃၃၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-546783)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၆၆၈၅၅၈၆၈၃**

## ပျောက်ဆုံးကြောင်း

နွားထိုးကြီးမြို့နယ်၊ နဘူးတော(တ)ရွာနေ ဦးဇော်လင်းထွန်း (ဘ) ဦးခင်မောင်သန်း(၉/နထက(နိုင်)၀၆၈၉၆၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(M-101019)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၆၆၁၉၄၈၂၀၃**

## ပျောက်ဆုံးကြောင်း

နွားထိုးကြီးမြို့နယ်၊ ဘူးတိုင်းရွာနေ ဒေါ်ခိုင်ဆွေဝင်း (ဘ) ဦးတင်ဝေ (၉/နထက(နိုင်)၁၅၃၆၅၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-170860) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၇၈၇၃၀၅၁၆၂**

## ပျောက်ဆုံးကြောင်း

မဟာအောင်မြေမြို့နယ်နေ Mဟာရွတ် (ဘ)ဦးဂျမ(၁၂/ပဘတ(နိုင်)၀၃၀၆၀၄) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-445425)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၅၁၂၈၈၆၁**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်မိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်ရန်



ကိုဗစ် - ၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

**စာပေမြင့်မှ လူမျိုးတင့်မည်**

❖ နိုင်ငံရေးအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသွားမည်ဖြစ်ကာ အုပ်ချုပ်ရေးအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကို ကျင့်သုံးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်...

❖ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)သည်လည်း အစိုးရနှင့် EAO များအကြား၊ နိုင်ငံတကာအဖွဲ့အစည်းများအကြား ထားရှိခဲ့သည့်ကတိကဝတ်ဖြစ်...

❖ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးရာတွင်လည်း အပြုသဘောဆောင်သည့် ဆွေးနွေးမှုရလဒ်များကို ဖော်ဆောင်နိုင်ခဲ့...

❖ တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၂/၂၀၂၃)တွင် ပြောကြားမှုမှ ကောက်နုတ်ချက်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုပိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ ၂၀၂၃ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

သတင်းစာမျက်နှာ- ၁၆




## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၁၉ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**မန္တလေး ဇူလိုင် ၃**

၂၀၂၃ ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၁၉ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက အောင်မြေမန္တလာ အားကစားကွင်းတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးဘောလုံးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများ၊ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနှင့် နည်းပြများ၊

**စာမျက်နှာ ၁၇ ကော်လံ ၅** ☆



## ယခုနှစ် ဇန်နဝါရီလမှ ဇွန်လထိ ရန်ကုန်တိုင်းဒေသကြီးရှိ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ ကုန်တင်သင်္ဘော ၃၂၁ စီး ဝင်ရောက်ခဲ့

စာမျက်နှာ - ၂၇

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၈၀၊ ၀၉၂၆၁၄၀၀၈၄၄
၀၉၂၆၁၄၀၀၈၅၅
ရွှေမြိုင်သူ
ရန်ကုန်မြို့တွင်း
ရှမ်းမလေး G & G Store ဆိုင်များ
Online
ငုသိစ်သူ Easy Ticket, Go - Auto Ticket
ရန်ကုန် —
နေပြည်တော်
တောင်ကြီး
မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
ကျောက်ပန်းတောင်း - ရောက် - ဆိပ်ဖြူ
ပုဂံ (ညောင်ဦး) - ပခုက္ကူ
မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
တောင်ငူ - ရွာ - ရေနီ
ပုသိမ်



ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု